# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၂၂)၊ ၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း ၄ ရက် ၊ ၁၈-၇-၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

# ဒုတိယသမ္မတ ဦးညိုစောနိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ (ပထမအကြိမ်)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ(ပထမအကြိမ်) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ရုံးအမှတ်(၃၉) အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ ပင်လယ်ကမ်းရိုးတန်းနှင့် သက်ဆိုင်သော ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ☆



ဒုတိယသမ္မတ ဦးညိုစော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ(ပထမအကြိမ်)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ယနေ့ ဖတ်စရာအညွှန်း**


**နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ပဋ္ဌမအစည်းအဝေး ပထမနေ့ ကျင်းပ**

စာမျက်နှာ ၄

**၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးရန် မက်ဆီ ရေပန်းစား**

စာမျက်နှာ ၁၁

**အာဂျင်တီးနားနိုင်ငံ ကူထရယ်ကိုအမည်ရှိ မြို့ငယ်လေး ခရီးသွားဆွဲဆောင်ရာနေရာအဖြစ် ပြောင်းလဲလာလျက်ရှိ**

စာမျက်နှာ ၁၄




## ကောက်စိုက်စက်ဖြင့် မိုးစပါးသရုပ်ပြစိုက်ပျိုး

**ကျောက်ဆည် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက ကောက်စိုက်စက်ဖြင့် မိုးစပါး လက်တွေ့စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဟန်မြင့်မိုရ်ကျေးရွာအုပ်စု တောင်သူ ဒေါ်နီလာအောင်၏ ကွင်းအမှတ်(၂၈၉) လယ်မြေ သုံးဧကတွင် ကျင်းပခဲ့သည်။

အဆိုပါ ကောက်စိုက်စက်သည် စိုက်တန်းခြောက်တန်းပါ လူထိုင်စီးကောက်စိုက်စက်ဖြစ်ပြီး တန်းကြား အကွာအဝေး ၂၃၀ မီလီမီတာ၊ ပင်ကြားအကွာအဝေး ၁၀၀ မီလီမီတာနှင့် ၂၀၀ မီလီမီတာ(လိုအပ်သလိုအသုံးပြုနိုင်ခြင်း)၊ တစ်ဧကကြာချိန် နှစ်နာရီနီးပါး ခန့်ကြာမြင့်ပြီး ကူဘိုတာကောက်စိုက်စက် အမျိုးအစားဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

စပါးသီးနှံများကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းဖြင့် ပင်ကြားတန်းကြားအကွာအဝေး ညီညာခြင်း၊ လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ စပါးပျိုးသက်နုနုဖြင့် စိုက်ပျိုးရခြင်းကြောင့် အပင်ပွားနှုန်းကောင်းမွန်ခြင်း၊ အထွက်နှုန်းတိုးပွားခြင်း၊ ကောက်ပင်လှန်ချိန် စောင့်ရန် မလိုခြင်း၊ စိုက်ပျိုးရာ၌ လူနှစ်ဦးသာ လိုအပ်ပြီး အချိန်ကုန်သက်သာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

(၄၈၅)

## မြန်မာ့လက်မှုအနုပညာလက်မှုလုပ်ငန်း ပုဂံဒေသထွက် ယွန်းထည်ပစ္စည်း ပုံမှန်လုပ်ကိုင်ရောင်းချလျက်ရှိ

**ညောင်ဦး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံဒေသထွက် မြန်မာ့လက်မှုအနုပညာ ယွန်းထည်ပစ္စည်းထုတ်လုပ်မှု ယွန်းထည်လုပ်ငန်း ပုံမှန်လုပ်ကိုင်ရောင်းချလျက်ရှိကြောင်း ယွန်းလုပ်ငန်းပိုင်ရှင်များထံမှ သိရသည်။

ယွန်းထည်လုပ်ငန်းသည် မြန်မာ့လက်မှုအနုပညာဖြစ်ပြီး အနုစိတ်လုပ်ကိုင်ရသော လုပ်ငန်းဖြစ်ကာ ယွန်းပစ္စည်းအမျိုးပေါင်း တစ်ရာကျော် ပြုလုပ်ကြောင်း၊ ယွန်းလုပ်ငန်းရှင်များ အများဆုံး ပြုလုပ်သည့် ယွန်းလက်ဖက်အုပ်၊ ယွန်းဆွမ်းအုပ်များကို အများဆုံး ပြုလုပ်ကြကြောင်း သိရပြီး ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ် နှောင်းပိုင်းအထိ မြန်မာလူမျိုးများ ယွန်းထည်အမျိုးမျိုးသာ အသုံးပြုခဲ့ကြကြောင်း၊ ပလို့(ခေါ်) ငါးဆင့်ပလို့ဆွမ်းအုပ်များဖြင့် ယနေ့တိုင် ရွှေစည်းခုံဘုရားပွဲ၊ အာနန္ဒာဘုရားပွဲ၊ ငှက်ပစ်တောင်ဘုရားပွဲ၊ တုရင်တောင်ဘုရားပွဲ၊ ကန်တော့ပလ္လင်ဘုရားပွဲများနှင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ စလေမြို့ ရှင်ပင်စာကြိုလှဘုရားပွဲများတွင် ယွန်းပလို့(ငါးဆင့်)ပါသော ဆွမ်းအုပ်ကြီးများဖြင့် ဆွမ်းပို့ပြီး ဆွမ်းလောင်းလှူလျက်ရှိသေးသည်။

ယွန်းလုပ်ငန်းသုံးပစ္စည်းများတွင် မပါမဖြစ် မြန်မာနိုင်ငံအနှံ့အပြားမှ ထွက်ရှိသည့် မဲတင်းခါးဝါး၊ တင်းဝါး၊ နန်းထောင်ဝါး၊ မဲဇာဝါးများကို သုံး၍ ယွန်းထည်အမျိုးမျိုး ပြုလုပ်ကြသော်လည်း မဲတင်းခါးဝါး တစ်မျိုးတည်းကိုသာ ယွန်းထည်ပြုလုပ်ရာတွင် စွဲစွဲမြဲမြဲ အသုံးပြုကြသည်။

ယွန်းထည်လုပ်ငန်းလုပ်ကိုင်ယွန်းထည်ပြုလုပ်ရခြင်း အဆင့်ဆင့်တွင် အချောခံခြင်း၊ စဉ့်ဖတ်တင်ခြင်း၊ နီးခေါင်းထိုးခြင်း၊ နီးစိတ်ခြင်း၊ ကြောင်လိမ်ထည်လုပ်ခြင်း၊ ပွေတည်ခြင်း၊ မြေခံခြင်း၊ အဖြူခွေခြင်း၊ နီးဖြာခြင်း၊ ပုတ်ထည်၊ ယွန်းထပ်ခြင်း၊ သားရိုးချောခြင်း၊ ဓားကောက်ခြစ်ခြင်း၊ နီးသတ်ခြင်း၊ ရက်ထည်တို့ကို အဆင့်ဆင့်ပြုလုပ်ရကြောင်း၊ ယွန်းထည်ပစ္စည်းများ သုတ်ရန် သစ်စေး ဆယ်ပိဿာပုံးတစ်ပုံးလျှင် ငွေကျပ်ဆယ်သိန်း ပေးဝယ်ရကြောင်းလည်း ယွန်းလုပ်ငန်းရှင်များက ပြောကြားသည်။



ကြသည့် ယွန်းလုပ်သားတစ်ဦးသည် တစ်ရက်လျှင် ငွေကျပ်တစ်သောင်းနှင့် ယွန်းကျွမ်းကျင်လုပ်သားတစ်ဦးလျှင် ငွေကျပ် နှစ်သောင်းရရှိကြကြောင်း၊ ယွန်းထည်များ ပြုလုပ်ပြီးသော်လည်း တစ်နှစ်ကျော်ကြာမှ ရောင်းချရကြောင်း၊ ယွန်းထည်များ ပြုလုပ်ပြီး မြေအောက်ခန်းအတွင်း အလုံပိတ်ထားပြီး ယွန်းထည်များ မြေထပ်ပေးထားကာ နောက်ဆုံးအဆင့် ရောင်းချရသည့် အချိန်တစ်နှစ်ကျော်မှ ရောင်းချရကြောင်း ယွန်းလုပ်ငန်းရှင်များက ရှင်းပြသည်။

ယွန်းထည်ရောင်းချရမှု၊ ဧည့်သည် ဝင်ရောက်မှုနည်းပါးသော်လည်း ယွန်းထည်များမှာ ချက်ချင်းလုပ်၊ ချက်ချင်းရောင်းရသည့် ကုန်ပစ္စည်းမဟုတ်ခြင်းကြောင့် ညောင်ဦးမြို့၊ ပုဂံမြို့၊ မြင်းကပါ ကျေးရွာတို့ရှိ ယွန်းလုပ်ငန်းရှင်များ ယွန်းထည်ပစ္စည်းများကို ပုံမှန်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

(၄၈၁)

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

နေပြည်တော် ဇူလိုင် ၁၇

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ စနေနေ့။

# သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပေးလျက်ရှိ

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးအတွက် ပြည်သူလူထုအားလုံး လက်လှမ်းမီနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလောက်အောင် တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် လိုအပ်လျက်ရှိသည်။ နိုင်ငံတော်အတွက် လိုအပ်နေသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနက ဖွင့်လှစ်သင်ကြားပေးနေသည့် ဆေးတက္ကသိုလ် ငါးခုနှင့် ၂၀၂၃ ခုနှစ်တွင် Naypyitaw State Academy ၌ ဆေးပညာမဟာဌာနကြီး (Faculty of Medicine) ကို ထည့်သွင်းဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဆေးတက္ကသိုလ် ခြောက်ခုနှင့် ဆေးပညာနီးနွယ်တက္ကသိုလ် ၁၁ ခု စုစုပေါင်းတက္ကသိုလ် ၁၇ ခု ရှိလာပြီဖြစ်သည်။

သူနာပြုသိပ္ပံ(နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ သူနာပြုသိပ္ပံများ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် သူနာပြုသိပ္ပံ (နေပြည်တော်)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

နိုင်ငံတော်သမ္မတက ပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် နိုင်ငံသားအားလုံး ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်ရေးသည် ပဓာနကျကြောင်း၊ ထို့ကြောင့်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်မှု လုပ်ငန်းများအတွက် မူဝါဒများချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်ရန်နှင့် မြို့ပြနှင့်ကျေးလက်ပါမကျန် ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ပေးနိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိဟူသည့် ခံယူချက်ဖြင့် မိမိတို့တာဝန်ယူခဲ့သည့် ကာလတစ်လျှောက်လုံးကျန်းမာရေးကဏ္ဍ အဆင့်မြှင့်တင်မှုကို ဘက်ပေါင်းစုံက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သကဲ့သို့ ယခုအစိုးရသစ်ကာလတွင်လည်း ဆက်လက်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်ပြီး အသိပညာ၊ အတတ်ပညာ ပြည့်ဝကြသော်လည်း ကျန်းမာရေးမကောင်းပါက ပေးအပ်လာသည့် တာဝန်များနှင့် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် ပြည်သူအားလုံး၏ စိတ်ရောကိုယ်ပါ ကျန်းမာကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် အရေအတွက် တိုးမြှင့်မွေးထုတ်ရုံသာမက အရည်အသွေးပိုင်းတွင်လည်း မြန်မာနိုင်ငံ၏ သူနာပြုနှင့် သားဖွားပညာရေးကို အရှေ့တောင်အာရှနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် အရည်အသွေးပြည့်ဝသည့် သူနာပြုနှင့်သားဖွားများ မွေးထုတ်ပေးနိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်း၊ ပြည်ပ တက္ကသိုလ်များတွင် သူနာပြုပါရဂူဘွဲ့အဆင့်ထိ အဆင့်ဆင့်တက်လှမ်း သင်ယူနိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်သောကြောင့် သူနာပြုပညာရေး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် သူနာပြုသင်တန်းကျောင်းများကို ယခုကဲ့သို့ သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သူနာပြုသိပ္ပံများသည် နိုင်ငံတော်၏ ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက အရည်အချင်းပြည့်ဝပြီး လူသားချင်းစာနာစိတ်အပြည့်ရှိသည့် သူနာပြုများ၊ သားဖွားပညာရှင်များ မွေးထုတ်ပေးနိုင်သည့် နိုင်ငံတော်၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် ကျန်းမာရေးပညာ ဗဟိုဌာနများဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် သူနာပြုသိပ္ပံများ အဖြစ် အဆင့်မြှင့်တင်ပေးလျက်ရှိပြီး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် အဓိကကျသည့် သူနာပြုနှင့် သားဖွားစွမ်းအားစုများကို မွေးထုတ်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (၁) | ပါမောက္ခဒေါက်တာ ကျော်တင့် | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) | ဦးမြင့်ဇင်ထူး | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီတစ်ပိဿာ လက်လီဈေးနှုန်းများထုတ်ပြန်

**မန္တလေး ဇူလိုင် ၁၇**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အထိ စားအုန်းဆီ တစ်ပိဿာလျှင် ရန်ကုန်အထိုင်ဈေး ငွေကျပ် ၇၂၂၀ ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးများအလိုက် လက်ကား၊ လက်လီရောင်းချမည့် ဈေးနှုန်းများအား ရန်ကုန်အထိုင်ဈေးအပေါ်မူတည်ပြီး ကော်မတီမှသတ်မှတ်သည့် ဒေသအလိုက် အရင်းဈေးအပေါ်အခြေခံ၍ မြို့တွင်းသယ်ယူခ၊ လုပ်သားခများနှင့် အမြတ် ၂ ရာခိုင်နှုန်း ထပ်ပေါင်း၍ ဖြစ်သင့်ဖြစ်ထိုက်သည့် လက်လီ၊ လက်ကား ဈေးနှုန်းများအား သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၇ ရက်မှ ၂၃ ရက်အထိ မန္တလေးတိုင်းဒေသကြီး ခရိုင်မြို့ကြီးများအလိုက် စားအုန်းဆီ တစ်ပိဿာ၏ လက်လီဈေးနှုန်းများမှာ မန္တလေးမြို့၌ ငွေကျပ် ၈၅၄၀၊ မိတ္ထီလာမြို့၌ ငွေကျပ် ၈၃၆၀၊ ရမည်းသင်းမြို့၌ ငွေကျပ် ၈၃၃၅၊ ကျောက်ဆည်မြို့၌ ငွေကျပ် ၈၄၉၅၊ ပြင်ဦးလွင်မြို့၌ ငွေကျပ် ၈၅၉၀၊ မြင်းခြံမြို့၌ ငွေကျပ် ၈၆၂၀၊ ညောင်ဦးမြို့၌ ငွေကျပ် ၈၅၂၅ ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

## အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာမြှင့်တင်ရန် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြော

**မန္တလေး ဇူလိုင် ၁၇**

အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားရရှိစေရန်နှင့် ဖြောင့်မတ်တည်ကြည်မှု တန်ဖိုးများကို နားလည်သဘောပေါက်စေရန်ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)က ယနေ့တွင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၀)အခြေခံပညာအလယ်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်၊ အလက(၁၀) ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဝင်းထွေး၊ ဆရာ၊ ဆရာမများနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅၆ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၅၂ ဦး တက်ရောက်ကြသည်။ **(အောက်ဝဲပုံ)**

ဟောပြောပွဲတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(ဆရာကိုင်)စာအုပ်ပါ သင်ခန်းစာများကို အခြေခံ၍ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အများအကျိုးနှင့် ကိုယ်ကျိုးအကြား မှန်ကန်စွာ ခွဲခြားတွေးခေါ်နိုင်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှုတန်ဖိုးများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

## မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြ

**မန္တလေး ဇူလိုင် ၁၇**

အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း(ချမ်းမြသာစည်)တွင် ယနေ့ နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်း ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ အစီအစဉ်တွင် အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း(ချမ်းမြသာစည်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေအောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ချမ်းမြသာစည်မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးကျော်စွာမင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို ဆက်လက်ပြုလုပ်ရာ အောင်ပန်းမြေ ကိုယ်ပိုင်အလယ်တန်းကျောင်း (ချမ်းမြသာစည်)မှ ကြီးကြပ်ရေးမှူး ဦးဘဦးက ဦးဆောင်၍ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ လုံခြုံရေး၊ သန့်ရှင်းရေးဝန်ထမ်းများက မီးသတ်ဆေးဘူးများကိုအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ)**

(မန္တလေးနေ့စဉ်-၆)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၂၀၃၅၈၃၈
၃၅လမ်းနှင့် ၇၁လမ်းထောင့်

## စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်



**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။**

*[ဗိုလ်ချုပ်အောင်ဆန်း၏ ၁၁-၂-၁၉၄၇ ရက်နေ့က ပင်လုံမြို့၌ စော်ဘွားများ တည်ခင်းကျွေးမွေးသော ထမင်းစားပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*

☆ ရှေ့ဖုံးမှ

အစည်းအဝေးတွင် ဒုတိယသမ္မတက ပင်လယ်ကမ်းရိုးတန်း သယံဇာတများသည် စားရေရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တိုးတက်ရေးအတွက် အလွန်အရေးပါသော အရင်းအမြစ်များဖြစ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်း အသုံးပြုနိုင်ရန် မျှော်မှန်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲခြင်းအားဖြင့် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးမှု ပန်းတိုင်များရရှိအောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများအဖြစ် တရားမဝင်ငါးဖမ်းဆီးမှုလျှော့နည်းစေရေး Vessel Monitoring System (VMS)စနစ် အသုံးပြုခြင်း၊ ငါးမဖမ်းရရာသီနှင့် ဇရိယာများသတ်မှတ်ခြင်း၊ မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ရေထုညစ်ညမ်းမှုဆိုင်ရာ ဥပဒေရေးဆွဲခြင်း၊ သုတေသနနှင့် ပညာရေးကဏ္ဍများ မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် ပလတ်စတစ်စီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ဒီရေတောများ တိုးချဲ့ထိန်းသိမ်းရေး တို့ကိုလည်း တိုးတက်မှုများ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၂၄ ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း သယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း (Integrated Coastal Management – ICM) ကို အခြေခံ၍ အစိမ်းရောင်စီးပွားရေး (Green Economy)၊ ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အပြာရောင်စီးပွားရေး (Blue Economy) နှင့် ပတ်လည်စီးပွားရေး(Circular Economy) အယူအဆများကို ပေါင်းစပ်ဖော်ဆောင်ရန် လိုအပ်ကြောင်း၊ သို့မှသာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ထိထိရောက်ရောက် ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

ကော်မတီဝင်အားလုံးအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများတွင် ဒေသတွင်း အစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဌာန၊ အဖွဲ့အစည်းများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင်ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ယနေ့အစည်းအဝေးတွင် တင်ပြဆွေးနွေးပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုကိုပြသပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဇဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် စပ်လျဉ်း၍ ဌာနအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဆွေးနွေး တင်ပြချက်များအပေါ် ပြန်လည် သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(United Nations Office for Project Services–UNOPS)မှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်မြန်မာနိုင်ငံတွင် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)မှ စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်



## ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ဌာနေကိုယ်စားလှယ် Ms. Sara Austin Netzer အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ မကြာမီ ပြန်လည်ထွက်ခွာတော့မည့် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer အား ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် Ms. Sara Austin Netzer အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်ခဲ့စဉ်ကာလအတွင်း မြန်မာနိုင်ငံနှင့် UNOPS တို့အကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် UNOPS မှ ဆက်လက်ဆောင်ရွက်လျက်ရှိမည့် လုပ်ငန်းအစီအစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## တို့လူငယ်ကုသိုလ်ဖြစ်ဆေးခန်း အခမဲ့စစ်ဆေးကုသ ဆေးပဒေသာပင်အတွက် ငွေများလှူဒါန်း

**မန္တလေး ဇူလိုင် ၁၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာအိမ်ရာ၊ ၄၇ (အေ)လမ်းနှင့် ၁၁၈(ဘီ)လမ်း၊ မမ-၂၆ ရှိ တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို နှစ်ပတ်တစ်ကြိမ် စနေနေ့တိုင်းဖွင့်လှစ်၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ ဒေသမရွေး လူနာများအား အထွေထွေရောဂါ၊ သွားနှင့် ခံတွင်းရောဂါများကို စေတနာဆရာဝန်၊ သူနာပြုဆရာမကြီးများက အခမဲ့ကုသပေးလျက်ရှိပြီး လိုအပ်သော လူနာများကို ECG စစ်ဆေးခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊ သွေးပေါင်ချိန်စစ်ဆေးခြင်းများလည်း အခမဲ့ဆောင်ရွက်ပေးသည်။

တို့လူငယ်ကုသိုလ်ဖြစ်ဆေးခန်းတစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀-၁၅၀ ဦးခန့် ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည်ဆက်လက်ရပ်တည်နိုင်ရေးဆေးနှင့် ဆေးပစ္စည်းများ(ဆီးချိုကျဆေး)၊ (သွေးကျဆေး)၊ အစာအိမ်ဆေး၊ ပိုးသတ်ဆေး၊ ထိုးဆေး၊ အားဆေး၊ သွားနှင့်ခံတွင်းရောဂါများအတွက် ထုံဆေး၊ အကိုက်အခဲပျောက်ဆေး၊ အနာကျက်ဆေး၊ ဝါဂွမ်းနှင့်အသေးစားခွဲစိတ်ကုသမှုအတွက် အရေးပေါ်ဆေးများအား ဖုန်း ၀၉-၂၅၉၅၁၀၃၉၈ နှင့် ၀၉-၂၅၅၀၆၈၅၃၃ (Viber)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

တို့လူငယ်ကုသိုလ်ဖြစ် ဆေးခန်းသို့ လိုအပ်သော ဆေးနှင့်ဆေးပစ္စည်းများဝယ်ယူရန် ရန်ကုန်မြို့နေ ဦးစိုးညွန့်က ငွေကျပ် ၂၅ သိန်းကို လာရောက်လှူဒါန်းရာ ဆေးခန်းကြီးကြပ်မှုအဖွဲ့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၄၅)

အစားအစာ
အကြွင်းအကျန်
မရှိစေရေး
စားသောက်မှုပုံစံကို
ဂရုစိုက်ပေး။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန့်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ မဟာထေရ်၏ အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာ

[ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက် (၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်) သောကြာနေ့]

"ဇဝံ သံဝဒ္ဓါ ဟိ တဿ ဘဂဝတော ပရိသာ ယဒိဒံ အညမည ဝစနေန အညမညဝုဋ္ဌာပနေန" (ဝိ၊ ၁၊ ၂၇၂)ဟူသော ဗုဒ္ဓမြတ်စွာ၏ အခြေခံစည်းမျဉ်းဒေသနာတော်အတိုင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးအနေဖြင့် **"အညမညဝစန - အချင်းအချင်းအစီးအပွားကို ပြောဆိုခြင်း၊ ဆွေးနွေးတိုင်ပင်ခြင်း၊ အညမည ဝုဋ္ဌာပန - အချင်းချင်း အာပတ်မှထစေခြင်း"** တို့သည် **"ပရိသာယ ဝုဒ္ဓိကာရဏ - သံဃာ့ပရိသတ်ကြီးပွားခြင်း၏အကြောင်းကို ပြခြင်းပင်ဖြစ်ကြောင်း"** ပါရာဇိကကဏ္ဍ အဋ္ဌကထာ၊ ကင်္ခါဝိတရဏီ အဋ္ဌကထာတို့က ဖွင့်ပြကြပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

ကဆုန်လသည် ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်အတွက် ထူးသည့် မြတ်သည့် အချိန်ကာလတစ်ခုဖြစ်သည့် အားလျော်စွာ ပြီးခဲ့သည့် ကဆုန်လအတွင်း ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီး ကျင်းပနိုင်ခဲ့ပြီး သိပ်မကြာခင်မှာပင် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကြီးကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်ဘုရား။ ထိုကဲ့သို့သော အခမ်းအနားကြီးများ ကျင်းပနိုင်ခဲ့ခြင်း၏ အဓိပ္ပာယ်မှာ သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်းတွင် "ဤအခြေခံစည်းမျဉ်းသည် သဗ္ဗညုတဘုရားရှင်၏ ဓမ္မဝိနယနှင့်အညီ သာလျှင် ဖြစ်စေရမည်"ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ဓမ္မဝိနယနှင့်အညီ ညီညွတ်သော သံဃာ့အဖွဲ့အစည်းကြီး ဖွဲ့စည်းနိုင်ခဲ့ခြင်း၏ အကျိုးရလဒ်များသာဖြစ်သည်ဟု ဝမ်းမြောက် ဝမ်းသာ လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့်လုပ်ထုံးလုပ်နည်းများ စာအုပ်၏ နိဒါန်းတွင် **"တိဋ္ဌေယျာ တာရေယျံ၊ မုတ္တော မောစေယျံ၊ ဗုဒ္ဓေါ ဗောဓေယျံ"** ဟူသော ဘုရားရှင်ပွင့်တော်မူခြင်း၏ မူလရည်ရွယ်ချက်၊ မူလရည်ရွယ်တော်မူရင်းအတိုင်း ၄၅ ဝါပတ်လုံး တရားတော်များကို မြွက်ဟထုတ်ဖော် ဟောကြားတော်မူခဲ့သည်ဖြစ်ရာ တရားရတနာဖြစ်ထွန်းခဲ့ပါသည်ဘုရား။ မြတ်စွာဘုရားသည် ထိုတရားတော်များကို လိုက်နာဆောင်ရွက်ခြင်း၊ ထိန်းသိမ်းခြင်း၊ ပြန့်ပွားအောင်ဖြန့်ဝေခြင်း တာဝန်များကို ထမ်းဆောင်ရန် အလို့ငှာ သံဃာရတနာကိုလည်း ခွင့်ပြုတော်မူခဲ့ပါသည်ဘုရား။ သံဃာရတနာကို ခွင့်ပြုတော်မူသည့်အခါ လိုက်နာကျင့်သုံးနိုင်ရန် ဝိနည်း စည်းမျဉ်း ဥပဒေများကို ပညတ်ခြင်း၊ သံဃာတော်များ မလွဲမသွေ ကေန်မုချ ထမ်းဆောင်ကြရမည့် ဂန္ထဓုရ၊ ဝိပဿနာဓုရ တာဝန်များကိုလည်း ပေးအပ်တော်မူခဲ့ပါသည်ဘုရား။ ထိုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေရန်အလို့ငှာ ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါ



ကြည်ဖြူ ပေးလှူသော ပစ္စည်းလေးပါးတို့ကို ခံယူသုံးဆောင်ခွင့်ပြုသောအားဖြင့် ချီးမြှင့်တော်မူခဲ့ပါသည်ဘုရား။

ယင်းသို့ မြတ်စွာဘုရားပေးအပ်သည့် တာဝန်နှင့်ရပိုင်ခွင့်တို့ကို ခံယူတော်မူကြသော သံဃာ့အဖွဲ့ဝင် သံဃာတော်များကလည်း "သံဃာ့ စည်းမျဉ်း ဥပဒေ"ဟူသော ဝိနယဓမ္မတို့ကို လိုက်နာကျင့်သုံးခြင်း၊ မြတ်စွာဘုရားတာဝန်ပေးခဲ့သည့် ဓုရတာဝန်နှစ်ပါးကို ကျေပွန်စွာထမ်းဆောင်ကြခြင်း၊ နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမတို့ကလည်း မြတ်စွာဘုရား ချီးမြှင့်ခွင့်ပြုတော်မူသည့်အတိုင်း ပစ္စည်းလေးပါးတို့ကို ထောက်ပံ့လှူဒါန်းခဲ့ခြင်းတို့ကြောင့် မြတ်စွာဘုရား၏အဆုံးအမ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာတော်မြတ်ကြီး ယနေ့ထက်တိုင် ညစ်ကြေးမထင် စင်ကြယ်စွာ ၂၅၇၀ နှစ်ကြာအောင် အရှည်ခံ၍တည်တံ့နေသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်နိုင်ပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

ယခုမျက်မှောက်ကာလ၌ ရှိနေကြသည့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူများသည် မြတ်ဗုဒ္ဓအရှင်၏ အေးငြိမ်းလှစွာသော သာသနာတော်အရိပ်၌ မှီခိုကိုးစားအားထား၍ နေကြရသည့် အကျိုးကျေးဇူးများကို စိစစ်သုံးသပ်ကြည့်သည်ရှိသော် အရင်းမူလသာသနာတော်မြတ်ကို တည်ထောင်တော်မူခဲ့သော သဗ္ဗညုဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုလည်းကောင်း၊ သာသနာ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့ကြကုန်သော သက်တော်ထင်ရှားသံဃာ့ဦးသျှောင်မထေရ်မြတ်ကြီးတို့မှ သင်္ဂါယနာ ၆ တန်တင် သာဝကအဆက်ဆက်တို့ကို လည်းကောင်း၊ ပစ္စည်းလေးပါး ဒါယကာ မင်းအဆက်ဆက်နှင့် အခြားသော သာသနာပြုပုဂ္ဂိုလ် အသီးသီးကိုလည်းကောင်း အထူးကျေးဇူးတင်ထိုက်ကြောင်း တွေ့မြင်ကြရမည်ဖြစ်ပါသည်ဘုရား။

ယင်းသို့ ကျေးဇူးတရားကြီးမားလှသည့် ဘုရားအစရှိသော ကျေးဇူးရှင်ကြီးများအား ယခုမျက်မှောက်ခေတ်၌ ထင်ရှားရှိနေသည့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်များအနေဖြင့် **"ကတညုတ ကတဝေဒီ"** မင်္ဂလာတရားနှင့်အညီ ကျေးဇူးဆပ်သည့်အားလျော်စွာ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးနှင့် (၇၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးဂုဏ်ပြုပွဲကဲ့သို့သော ဓမ္မစစ် ဓမ္မမှန်ပွဲကြီးများကို ကျင်းပပြုလုပ်၍ ကျေးဇူးဆပ်ကြခြင်းဖြစ်သည်ဟု ဝမ်းမြောက်နိုင်ပါသည်ဘုရား။ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်မဟာမင်္ဂလာ အခမ်းအနား၌ တပည့်တော် လျှောက်ထားခဲ့သည့်အတိုင်း ၁၃၁၈ ခုနှစ် ကဆုန်လပြည့်နေ့မြတ်သည် သာသနာတော်နှစ် ၂၅၀၀ ပြည့်နှစ်ဖြစ်၍ ဆဋ္ဌသင်္ဂါယနာအောင်ပွဲကြီးနှင့်အတူ သာသနာနှစ် ၂၅၀၀ ပြည့်အထိမ်းအမှတ်ပူဇော်ပွဲကြီး ကျင်းပကာ ကျေးဇူးဆပ်နိုင်ခဲ့ကြပါသည်ဘုရား။ ရှေးရှေးကျေးဇူးရှင် ဆရာတော်မြတ်ကြီးတို့၏ ဦးဆောင်မှု၊ အရှည်မြော်တွေးမှုတို့ကြောင့် ဆဋ္ဌ သင်္ဂါယနာတင် ဆရာတော်အရှင်မြတ်တို့သည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးဝယ် ဓမ္မဝိနယ ညီညွတ်မှုကို ဆောင်ရွက်တော်မူကြရင်း ပုဂ္ဂလိက ညီညွတ်မှုမှ ဂိုဏ်းပေါင်းစုံသံဃာ ညီညွတ်မှုကိုလည်း တစ်ပါတည်း ထမ်းဆောင်တော်မူနိုင်ခဲ့ကြပါသည်ဘုရား။ ၁၉၈၀ ပြည့်နှစ် မေလတွင် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အောင်မြင်ထမြောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းနိုင်ခဲ့ခြင်းသည်လည်း ဆဋ္ဌသင်္ဂါယနာတင် ဓမ္မဝိနယအောင်ပွဲ၊ သံဃဂဏ ပုဂ္ဂလညီညွတ်မှုအောင်ပွဲနှင့် ဆက်စပ်နိုင်ခဲ့သည့် သဘောကို လျှောက်ထားလိုပါသည်ဘုရား။

**ဆရာတော်အရှင်မြတ်တို့ဘုရား -**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်အရှင်သူမြတ်တို့သည်လည်း ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးတွင် အဦးအစမှပါဝင် တာဝန်ထမ်းဆောင်နေကြသည့် တာဝန်ရှိဆရာတော်များဖြစ်ကြပါသည်ဘုရား။ သို့ဖြစ်ရာ မျက်မှောက်ခေတ် သာသနာတော်မြတ်ကြီး၏ အခြေအနေကို ကြည့်ရှုသုံးသပ်တော်မူကြပြီး သာသနာတော်ကြီး ဂုဏ်သိက္ခာနိမ့်ကျညှိုးနွမ်း ဆုတ်ယုတ်သွားစေရန်၊ သာသနာတော်မြတ်ကြီး ပျက်စီးကွယ်ပျောက်သွားစေရန် ရည်ရွယ်၍ ကျင့်ကြံလုပ်ဆောင်နေကြသူ၊ ဟောပြောနေကြသူ၊ ရေးသားထုတ်ဝေနေကြသူ သာသနပစ္စတ္ထိက သာသနာ့ရန်သူ၊ သာသနာ့အန္တရာယ်တို့ကို မတားဆီးမပိတ်ပင်၊ လျစ်လျူရှုမနေကြဘဲ ဘုရားရှင်နှင့်တကွ ရှေးရှေးသာသနာတော်၏ ကျေးဇူးရှင်ကြီးများကို ကျေးဇူးဆပ်သောအားဖြင့် အစဉ်မပျက် ဂရုပြုကြောင့်ကြစိုက်ကြပါဟု လျှောက်ထားရင်း **သာရဏီယ**ဩဝါဒကထာကို အဆုံးသတ်အပ်ပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန့်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေး မစတင်မီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ မိသားစုက လှူဒါန်းသည့် ဓမ္မစကြာမဟာဋီကာသစ် ကျမ်းကြီးနှင့် ဗုဒ္ဓဝါဆိုစဉ် စာအလင်္ကာများ စာအုပ်တို့ကို ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။ **(သာရဏီယ ဩဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာ ကာလ



အတွင်း ဆောင်ရွက်ချက် အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသက တင်သွင်းလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီဟက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာ သီဟာလင်္ကာရာ ဘိဝံသက လည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး၊ ပထမနေ့၊ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်





ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

☆ စာမျက်နှာ ၂၄ မှ

အခမ်းအနားသို့ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူး မစ္စတာ ဝမ်ကျွန်းကျန်း၊ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ကွမ်းချန်း၊ နီပေါ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စရှာဘီကူမာရီ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ စင်ကာပူ၊ အာဂျင်တီးနား၊ တောင်ကိုရီးယား၊ ချီလီ၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ အီတလီ အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ ဝန်ကြီးများ၊ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ သက်ဆိုင်ရာ အသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခ(ငြိမ်း)များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများ၊ ဝန်ကြီးများ၊ ပညာရှင်များ၊ ကိုယ်စားလှယ်များနှင့် အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

### ရှင်းလင်းပြောကြား

ထို့နောက် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှီးဇန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့ နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် (CPPCC) အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌက ဖိုရမ် ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ယခုဖိုရမ်သည် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင် (KMGBF)၏ ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီစေရန် ပံ့ပိုးပေးမည့် ဟိမဝန္တာဒေသ တစ်လျှောက်ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန် စကြံတစ်ရပ်ကို ဖန်တီးပေးသည့် အရေးကြီးသော အခမ်းအနား တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရှင်အသိုင်းအဝိုင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို နှစ်ပေါင်းများစွာ မြှင့်တင်ခဲ့ကြောင်း၊ ထူးခြားထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းတစ်ခုမှာ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့အကြား ဆောင်ရွက်ခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး စီမံကိန်းဖြစ်ကြောင်း၊ နှစ်ဖက်စလုံးမှ သုတေသီများနှင့် သိပ္ပံပညာရှင်များသည် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ပူးတွဲသုတေသနလုပ်ငန်းများကို အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် အထူးအလေးထား ဆောင်ရွက်ခဲ့ကြပြီး အပင်၊ ငါး၊ ပင့်ကူနှင့် ပုစွန်မျိုးစိတ်သစ် အမြောက်အမြားကို ရှာဖွေတွေ့ရှိခဲ့ကြကြောင်း။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အတူ တောင်တန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာဗဟိုဌာန(ICIMOD)၏ တည်ထောင်သူ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူများ၏ လူနေမှုဘဝသာယာဝပြောရေးကို မြှင့်တင်ရန်အတွက် အထောက်အထား အခြေပြုဆုံးဖြတ်ချက်ချမှတ်ရာတွင် အခြေခံအဖြစ်အသုံးပြုနိုင်ရန် ဟိမဝန္တာဒေသရှိ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုနှင့် အစိမ်းရောင် စီးပွားရေးဆိုင်ရာ မူဝါဒများ၊ မူဘောင်များနှင့် မဟာဗျူဟာများကို အကောင်အထည်ဖော်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကို ကျယ်ပြန့်သော ကဏ္ဍစုံချဉ်းကပ်မှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝအခြေခံသော ချဉ်းကပ်မှုများဖြင့် မူဝါဒများမှသည် ဟိမဝန္တာဒေသတစ်လျှောက် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းများကို ဖြေရှင်းပေးနိုင်မည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ရေရှည်တည်တံ့စွာ အသုံးချခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် ပြည်သူအားလုံးပါဝင်ပြီး ထိရောက်သော လက်တွေ့လုပ်ဆောင်ချက်များဆီသို့ ကူးပြောင်းဖော်ဆောင်သွားရန် တိုက်တွန်းလိုကြောင်း။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုများမှ ရရှိလာမည့် အပြန်အလှန်အကျိုးကျေးဇူးများကို အသိအမှတ်ပြုလျက် မြန်မာနိုင်ငံသည် ဟိမဝန္တာ တောင်တန်းဒေသဖြတ်ကျော်နိုင်ငံများနှင့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ( Belt and Road Initiative) အတွင်း အကောင် အထည်ဖော်မည့် စီမံကိန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်သွားရန် ရည်မှန်းထားပါကြောင်း၊ ယခုဖိုရမ်သည် လူသားမျိုးနွယ်များနှင့် သဘာဝပတ်ဝန်းကျင်အကြား သဟဇာတဖြစ်မှု ခိုင်မာသေချာစေလျက် ဟိမဝန္တာဒေသတစ်လျှောက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးလိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ အကြီးအကဲများ၊ ပညာရှင်များနှင့် အသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အမှာစကားများ ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖိုရမ်ကို ကျင်းပခြင်းအားဖြင့် ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအဆင့်ကို မြှင့်တင်ပြီး နိုင်ငံများအကြား ပူးတွဲပါဝင်ဆောင်ရွက်မှုကို အပြန်အလှန်ဖြစ်ထွန်းစေမှုတို့မှ တစ်ဆင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ရလဒ်များကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အိန္ဒိယသမ္မတနိုင်ငံ၌ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်ရန် ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်အထိ အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။




### ဆွေးနွေး

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ ရက်တွင် ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်၍ အကြမ်းဖက်မှုနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ ရေကြောင်းလုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေး၊ စားနပ်ရိက္ခာနှင့်စွမ်းအင်ဖူလုံရေး စသည့်လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

### တက်ရောက်

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင်၁၅ ရက်ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် မစ္စတာ အာဂျစ် ဒိုဗယ်လ် (Mr. Ajit Doval) က အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၅ ရက်မှ ၁၆ ရက်အတွင်း အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် မစ္စတာ အာဂျစ် ဒိုဗယ်လ် (Mr. Ajit Doval)၊ သီရိလင်္ကာနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာ ဆမ်ပက်သူရကွန်သာ (Mr. Sampath Thuyacontha)၊ ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင်ဘန်ချွတ် (Mr. Chatchai Bangchuad)၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ်၏ ကာကွယ်ရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အေကေအမ် ရှမ်ဆူလ်အစ္စလာမ် (Dr. AKM Shamsul Islam) တို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ တရားမဝင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာကိစ္စရပ်များ၊ သတင်းအချက်အလက် အပြန်အလှန်မျှဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာမျှဝေခြင်းဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ အပါအဝင်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ပဉ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံ ခုနစ်နိုင်ငံမှ လုံခြုံရေးဆိုင်ရာ အကြီးအကဲများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများမှ သံတမန်အရာရှိများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ ကျင်းပ



နေပြည်တော် ဇူလိုင် ၁၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လယ်ယာထွက်ကုန်များ တန်ဖိုးမြင့်ထုတ်လုပ်ရောင်းချနိုင်ရေး၊ MSME လုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းများနှင့် မြစ်ကူးကြိုးတံတားများ ပြုပြင်ပေးနိုင်ရေး၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးနိုင်ရေး၊ မြေယာလျော်ကြေးရရှိရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်၏ **ရမည်းသင်းမြို့နယ်တွင် နှစ်ရှည်သီးပင်စားပင်များ၊ ဥယျာဉ်လယ်ယာသီးနှံထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဒေသထွက်ကုန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များကို လူသိများလာစေရန်နှင့် လက်ကားဖြန့်ချိသူများနှင့် ချိတ်ဆက်မိစေရန်အတွက် ပြပွဲ၊ ပြိုင်ပွဲများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ဒီဂျစ်တယ်အသုံးပြု၍ MSME ထုတ်ကုန်များ ဈေးကွက်ကျယ်ပြန့်စေရန်အတွက် စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် www.emartmmp.gov.mm Platform ကို ၂၀၂၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး Online၊ Offline စနစ်များဖြင့် ဈေးကွက်ရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့ဒေသ စီးပွားရေးရေရှည်အောင်မြင်ရန်အတွက် နိုင်ငံတော်၏ ပံ့ပိုးမှုအပြင် ဒေသခံများ၊ လုပ်ငန်းရှင်ကိုယ်တိုင်၏ စိတ်ဝင်စားမှုနှင့် အားစိုက်ထုတ်မှုသည် အဓိကအကျဆုံးသော့ချက်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်ကြမ်းအတိုင်း ဈေးပေါပေါဖြင့် ရောင်းချခြင်းထက် တန်ဖိုးမြင့်ကုန်ချောအဖြစ် ပြောင်းလဲလိုသည့် စိတ်ဝင်စားမှုရှိရမည်ဖြစ်သည့်အပြင် အစုအဖွဲ့ဖြင့် စနစ်တကျစုဖွဲ့ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန / အဖွဲ့အစည်းများက ပံ့ပိုးဖွင့်လှစ်ပေးသော သက်ဆိုင်ရာသင်တန်းများ၊ အသိပညာပေးဆွေးနွေးပွဲများသို့ တက်ရောက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းတို့ကို ကိုယ်တိုင်တက်ကြွစွာ အားစိုက်ထုတ်ပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ရမည်းသင်းမြို့နယ်တွင် နှစ်ရှည်သီးပင်စားပင်များ၊ ဥယျာဉ်လယ်ယာသီးနှံထွက်ကုန်များကို ကျေးရွာအလိုက်ဖြစ်စေ၊ အိမ်ထောင်စုအလိုက်ဖြစ်စေ တန်ဖိုးမြင့်ထုတ်ကုန်များ (Value Added Goods) အဖြစ် ထုတ်လုပ်ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ဒေသခံများ၊ လုပ်ငန်းရှင်များကိုယ်တိုင် တက်ကြွသော အားစိုက်ထုတ်မှုများရရှိလာစေရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီတို့၏ ပံ့ပိုးကူညီမှုများနှင့်အတူ အနီးကပ်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **MSME လုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည့်အစီအမံများ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME လုပ်ငန်းများ ရင်ဆိုင်နေရသော စိန်ခေါ်မှုများ (ဘဏ္ဍာရေး၊ နည်းပညာ၊ ဈေးကွက်)စသည်တို့ကို ဝန်ကြီးဌာနအနေဖြင့် သိရှိနားလည်ပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ငွေကျပ်ဘီလီယံ ၁၇၀ ဖြင့် အခိုင်အမာထူထောင်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ရန်ပုံငွေအနက်မှ ငွေကျပ်ဘီလီယံ ၁၅၀ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ကျန်ရှိသည့် ရန်ပုံငွေကျပ် ဘီလီယံ ၂၀ ကို ချေးငွေမဟုတ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ထိရောက်စွာခွဲဝေကျခံသုံးစွဲလျက်ရှိပါကြောင်း။

နိုင်ငံတော်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ထားရှိပြီး အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ လိုအပ်ချက်များကို စက်မှုလုပ်ငန်းနှင့်စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဝင် ဝန်ကြီးဌာနများ၏ ဘဏ္ဍာငွေခွဲဝေရရှိမှုအရလည်းကောင်း၊ ဒေသဆိုင်ရာကော်မတီများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများ၏ စက်မှုဇုန်ဖွံ့ဖြိုးရေးရန်ပုံငွေမှလည်းကောင်း၊ နှစ်အလိုက် ဦးစားပေးအစီအစဉ်အနေဖြင့် လျှပ်စစ်မီးအပြည့်အဝရရှိရေး၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ထုတ်လုပ်မှုပိုင်းဆိုင်ရာ လိုအပ်ချက်များအား ပိုမိုဖြည့်ဆည်းပေးနိုင်ရေးတို့ကို အစီအမံများချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဗဟိုကော်မတီအနေဖြင့် မူဝါဒချမှတ်ခြင်းနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသဆိုင်ရာကော်မတီများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများအနေဖြင့်အနီးကပ်ကြီးကြပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြင့် အုပ်ချုပ်မှုအပိုင်း၊ ပေါင်းစပ်ညှိနှိုင်းမှုအပိုင်းများကို Zone Level, Regional Level, State Level အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ဝင်းဆွေ၏ **မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပိုင်းမှ ရွှေကျင်မှ မဲဇင်းအထိ ၅ မိုင်ခွဲခန့်ကို ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ထူးကြီး - ရွှေကျင်လမ်းသည် စုစုပေါင်း အရှည် ၈ မိုင် ၃ ဖာလုံရှိပြီး ရောဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ကျောက်ခင်းလမ်း ၇ မိုင် ၂ ဖာလုံနှင့် အမာခံလမ်း ၁ မိုင် ၁ ဖာလုံဖြစ်ပြီး စုစုပေါင်း ၈ မိုင် ၃ ဖာလုံရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ထူးကြီး - ရွှေကျင်လမ်း ၈ မိုင် ၃ ဖာလုံအတွင်း လမ်းအရှည် ၄ ဖာလုံအား ချောင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ပထမအဆင့်အနေဖြင့် အမာခံလမ်း ၁ မိုင် ၁ ဖာလုံအား ကျောက်ခင်းလမ်းအဖြစ် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေလျာထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ဖော်ပြပါလမ်းပိုင်းတွင် ရွှေကျင်မှ မဲဇင်းအထိ ကျောက်ခင်းလမ်း ၅ မိုင် ၂ ဖာလုံခန့်ကို ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းအား ဆက်လက်ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ဒဂုံမြို့သစ်ခရိုင်ကို ခရိုင်ချင်းဆက်လမ်းမှတစ်ဆင့် မြို့တော်ပတ်လမ်း တည်ဆောက်ရန်၊ ရန်ကုန်အဝင် အထူးဖွံ့ဖြိုးရေး ခရိုင်အဖြစ်သတ်မှတ်၍ စီးပွားရေးမြှင့်တင်ရန်နှင့် အထူးဖွံ့ဖြိုးတိုးတက်လာအောင် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒဂုံမြို့သစ်ခရိုင်သည် လူဦးရေနှင့် ဖွံ့ဖြိုးမှုအလားအလာအရ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ရေးဆွဲခဲ့သော ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း Master Plan တွင် မြို့ပြဗဟိုခွဲ(Sub-center) အဖြစ် သတ်မှတ်ထားသည့် ဧရိယာတစ်ခုဖြစ်ပါကြောင်း၊ Sub-center ဖြစ်သော ဒဂုံမြို့သစ်ခရိုင်ကို စနစ်တကျတိုးတက်လာစေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ခရိုင်အတွင်းရှိလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ခြင်း၊ ရေပေးဝေရေးစနစ်များ ဆက်သွယ်ဆောင်ရွက်ခြင်း၊ အများပြည်သူအပန်းဖြေရန် ပန်းခြံ၊ ကစားကွင်းများဆောက်လုပ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှု အဆောက်အအုံများ ဆောက်လုပ်ဖြည့်ဆည်းခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဒဂုံမြို့သစ်ခရိုင်အတွင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပုဂ္ဂလိကနှင့်ပူးပေါင်း၍ Smart District ဧရိယာပါဝင်သည့် အိမ်ရာစီမံကိန်းများ၊ အငှားအိမ်ရာများ၊ စက်မှုဇုန်များကိုလည်း နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဒဂုံမြို့သစ်ခရိုင်အတွက် သီးသန့်မြို့တော်ပတ်လမ်းမ ထပ်မံတည်ဆောက်ရန်မလိုအပ်ဘဲ လက်ရှိချိတ်ဆက်ထားပြီးဖြစ်သော Inner Ring Road / Outer Ring Road များနှင့် မြို့တွင်းချိတ်ဆက်လမ်းကွန်ရက်များကို အသုံးပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ဆောင်ရွက်ဆဲစက်မှုဇုန်များနှင့် မြို့ပြအခြေခံအဆောက်အအုံလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်သွားခြင်းဖြင့် ဒဂုံမြို့သစ်ခရိုင်သည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ Master Plan အရ Sub-center အဖြစ် သတ်မှတ်ပြီး စီမံကိန်းများဆောင်ရွက်ရန်ရှိပါသဖြင့် သီးခြားမြို့တော်ပတ်လမ်းအဖြစ် ထပ်မံတည်ဆောက်ရန်နှင့် သီးခြားအထူးဖွံ့ဖြိုးရေးခရိုင်အဖြစ် ထပ်မံသတ်မှတ်ဆောင်ရွက်ရန် မရှိပါကြောင်း ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **မြစ်သာမြစ်ကူးကြိုးတံတား(ကလေးဝ)၏ တံတားထိန်းကြိုးများအား ဆောလျင်စွာပြုပြင်ထိန်းသိမ်းရန် မည်သည့်အချိန်၊ မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြစ်သာမြစ်ကူးကြိုးတံတား (ကလေးဝ)သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းပေါ်ရှိ မိုင်တိုင်(၁၁၅/၂ မှ ၁၁၅/၅)အကြားတွင် တည်ရှိပါကြောင်း၊ တံတားအမျိုးအစားမှာ သံမဏိသံပေါင်ကြိုးတံတားဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် တံတားသက်တမ်းမှာ ၂၂ နှစ်ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့များ၏ ဖျက်ဆီးမှုကြောင့် ယာကြီးဘက်ကမ်း(ရေစုန်ဘက်ခြမ်း) တံတား၏ ပင်မကြိုးအချို့မှာ ပျက်စီးသွားခဲ့သဖြင့် ယခင်ခွင့်ပြုထားသော တံတားခံနိုင်ဝန် တန် ၆၀ မှ ယခုအခါ လူစီးမော်တော်ယာဉ်ငယ်များနှင့် စုစုပေါင်း ၃ တန်အထိ တင်ဆောင်ထားသော ယာဉ်များသာ ဖြတ်သန်းခွင့်ပြုထားပါကြောင်း။

ယာကြီးဘက်ကမ်း ရေစုန်ဘက်ခြမ်းရှိ ပင်မကြိုးအမှတ်(၁)နှင့် အမှတ်(၂)တို့အား ပြန်လည်ပြုပြင်နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြစ်သာမြစ်ကူးကြိုးတံတား (ကလေးဝ) ပြန်လည်ပြုပြင်နိုင်ရေးအတွက် အသေးစိတ်စစ်ဆေးတိုင်းတာခြင်း(Detail Inspection)၊ လိုအပ်သော ကြိုးတံတားပစ္စည်းများအား ပြည်ပမှ မှာယူခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **မိုးကောင်း-ကာမိုင်း- ဖားကန့် ကားလမ်းမကြီးအား နိုင်လွန်ကတ္တရာ/ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းသည် မိုးကောင်း (ပါဟုတ်)-ကာမိုင်း လမ်းအရှည် ၁၇ မိုင်နှင့် လဝါး-ကာမိုင်း-လုံးခင်း-ဖားကန့် လမ်းပိုင်းအရှည် မိုင် ၄၀ ၇ ဖာလုံ စုစုပေါင်းအရှည် ၅၇ မိုင် ၇ ဖာလုံရှိပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းအား နယ်မြေဒေသအခြေအနေများအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်မှစတင်၍ ယနေ့အချိန်အထိ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် လမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်း ရပ်ဆိုင်းခဲ့ရပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင်လည်း နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ရန်ပုံငွေလျာထားခြင်း မရှိခဲ့ပါကြောင်း။

အဆိုပါလမ်းအား နိုင်လွန်ကတ္တရာ/ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်သည့်အချိန်တွင်

စာမျက်နှာ ၈ သို့ ❖

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၇

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၁ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၉) ဒေါ်မြမြသက်၏ **နဝတအစိုးရကာလ ၁၉၈၉ ခုနှစ်ကတည်းက မြို့ကွက်သစ်အဖြစ် တိုးချဲ့တည်ဆောက်ပေးခဲ့သည့် စစ်တွေမြို့၏ ရပ်ကွက်ကြီးတစ်ခုဖြစ်သော မင်းဂံရပ်ကွက်တွင် ကွန်ကရစ်လမ်း ထပ်မံခင်းပေးရန်ကျန်ရှိသော မြေသားလမ်းအရှည်ပေ (၈၀၅၄၀)အားဘဏ္ဍာရေးနှစ်အလိုက် ပြီးပြည့်စုံအောင် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် မင်းဂံရပ်ကွက်၌ မြို့ပြစီမံကိန်းအရ တည်ဆောက်ထားသည့်ဈေးအား စည်ပင်ဥပဒေ၊ ဈေးအင်္ဂါရပ်နှင့်အညီ သပ်ရပ်သန့်ရှင်းစွာ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က မင်းဂံရပ်ကွက်ရှိ လမ်းများအား နှစ်စဉ်ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ကွန်ကရစ်လမ်း ၁၀ လမ်း၊ အရှည်ပေ (၂၁၉၀၀) နှင့် ကတ္တရာလမ်း ၄ လမ်း၊ အရှည်ပေ (၄၅၃၀) အား ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် မင်းဂံဆင်းလမ်း၊ အရှည်ပေ (၁၄၀၀)၊ အကျယ် (၂၄) ပေနှင့် ABC ကလေးဂေဟာသွား လမ်းအရှည် (၂၁၂၃) ပေ၊ အကျယ် (၁၈) ပေတို့အား အဆင့်မြှင့်တင်၍ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကျန်ရှိသည့် လမ်းသွယ်၊ လမ်းကြားများကိုလည်း ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူးဖော်ခြင်း၊ ရေစီးရေလာအခြေအနေ စောင့်ကြည့်ခြင်းများဆောင်ရွက်ပြီး ပြည်သူလူထု အသုံးများသောလမ်းအလိုက် ဦးစားပေးလျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မင်းဂံရပ်ကွက်ရှိလမ်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဦးစားပေးပြီး ဆောင်ရွက်သွားရန် ပြည်နယ်အစိုးရအဖွဲ့ကလည်း လမ်းညွှန်မှုပြုထားပြီးဖြစ်၍ နှစ်အလိုက် တိုးတက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

ဈေးနှင့်ပတ်သက်၍ မင်းဂံဈေးသည် ဧရိယာ ၁ ဒသမ ၄၅ ဧက ကျယ်ဝန်းပြီး ပုဂ္ဂလိကဈေးဆိုင်ခန်း ၆၀ ခန့်ရှိသော ပျံကျဈေးဖြစ်ပါကြောင်း၊ ဈေးအဆင့်မြှင့်တင်ဆောင်ရွက်မည့် လုပ်ငန်းနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ် ဈေးသူဈေးသားများနှင့် ဆွေးနွေးညှိနှိုင်းမှု ဆောင်ရွက်ခဲ့သော်လည်း ဈေးသူဈေးသားများ၏ ဆန္ဒသဘောထားအရ ဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိခဲ့ပါကြောင်း၊ မင်းဂံဈေးနှင့်ပတ်သက်၍ ဈေးရုံများထိန်းသိမ်းခြင်း၊ ပြုပြင်ပေးခြင်းများကို စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် သား/ငါးရောင်းချသည့် (၆ x ၃၆) ပေ ဈေးရုံ (၁) ရုံ အား ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၃၃၀ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဈေးတွင်းသန့်စင်ခန်းပြုပြင်ခြင်းနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မင်းဂံဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ လတ်တလောတွင် ဈေးရောင်းချသူများနည်းပါးသော်လည်း ဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဈေးသူဈေးသားများနှင့် ညှိနှိုင်းပြီးဖြစ်ပါကြောင်း ဖြေကြားသည်။



ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့၊ ဟူးကောင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ (၁၂၀x ၂၀x၁၂) ပေ တစ်ထပ်ကျောင်းဆောင် သွပ်မိုး၊ တမံသလင်းခင်း၊ အုပ်ညှပ်(ပင်မဆောင်)အား ဖျက်သိမ်းခွင့်ပြုရန်နှင့် ပေ (၁၃၀x၃၀) RC (၂)ထပ် အစားထိုးကျောင်းဆောင်သစ်တစ်ဆောင်အား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျောင်းဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် အန္တရာယ်ဆောင် ပေ (၁၂၀ x ၂၀) သွပ်မိုး၊ တမံသလင်းခင်း၊ အုတ်ညှပ် (၁)ထပ်ဆောင်၊ ပေ (၉၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်ဆောင်၊ ပေ (၆၀ x ၂၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်ဆောင်၊ ပေ (၉၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ်(၁)ထပ်ဆောင် စုစုပေါင်းကျောင်းဆောင် (၄)ဆောင်ရှိပြီး စာသင်ခန်း (၉) ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါကြောင်း။

ကျောင်းသား၊ ကျောင်းသူ (၅၃၈)ဦး၊ စာသင်ခန်း (၉)ခန်းရှိသည့်အတွက် အဆိုပါ ဟူးကောင်း-အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် စာသင်ခန်း(၅) ခန်းလိုအပ်နေပါကြောင်း၊ အန္တရာယ်ဆောင် ပေ (၁၂၀ x ၂၀) သွပ်မိုး၊ တမံသလင်းခင်း၊ အုတ်ညှပ် (၁)ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ (၁၁၀ x ၃၀) RCC (၂)ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့၊ ကင်ဆားရာရပ်ကွက်အတွင်းရှိ ကင်ဆားရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် အလယ်တန်းအဆင့်ကျောင်းသားဦးရေ (၂၄၀) အထက်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများ၊ သဘာဝဘေးအန္တရာယ် အတားအဆီးရှိသော ဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၂)မိုင်အထက် ကွာဝေးခြင်း၊ သွားလာရလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၃)မိုင်အထက် ကွာဝေးခြင်း၊ မြေပိုင်ဆိုင်မှု (၅)ဧကရှိရန်တို့ လျာထားသတ်မှတ်ထားရှိပါကြောင်း။

သို့ပါ၍ ကချင်ပြည်နယ်၊ တနိုင်းမြို့၊ ကင်ဆားရာ-အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ)တွင် အလယ်တန်းအဆင့်ကျောင်းသား (၃၃၂)ဦး ရှိသော်လည်း ပင်မကျောင်းဖြစ်သော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် (၀ ဒသမ ၃)မိုင်သာကွာဝေးပါသဖြင့် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် သတ်မှတ်ထားသော လျာထားချက်နှင့် ကိုက်ညီမှုမရှိပါသဖြင့် အဆင့်တိုးမြှင့်ပေးရန် လတ်တလော ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် အဆောက်အအုံလိုအပ်နိုင်သည့် အခြေအနေအပေါ် ကွင်းဆင်းစစ်ဆေးပြီး ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်ဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ်၊ တနိုင်းခရိုင်၊ တနိုင်းမြို့၊ ဒူးကောင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ (၁၀၀x ၂၄x၁၃)ပေ တစ်ထပ်ဆောင်သွပ်မိုး၊ ပျဉ်ထောင်/ထရံကာ၊ ပျဉ်ခင်း(ပင်မဆောင်)အား ဖျက်သိမ်းရန်နှင့် ပေ (၁၃၀x၃၀) RC ကျောင်းဆောင်သစ်တစ်ဆောင် အစားထိုးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စာသင်ဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် အန္တရာယ်ဆောင်(၁၀၀x၂၄) ပေ သွပ်မိုး၊ တမံသလင်းခင်း၊ အုတ်ညှပ် (၁)ထပ်၊ ပေ (၁၀၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်၊ ပေ (၉၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်၊ ပေ (၆၀ x ၃၀) သွပ်မိုး၊ အုတ်ညှပ် (၁)ထပ်၊ ပေ (၄၀ x ၃၀) ယာယီဆောင်တစ်ဆောင် စုစုပေါင်း ကျောင်းဆောင် (၅) ဆောင် စာသင်ခန်း(၁၂)ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသား ကျောင်းသူ(၇၂၀) စာသင်ခန်း (၁၂)ခန်းရှိသည့်အတွက် အဆိုပါ ဒူးကောင်း-အခြေခံပညာမူလတန်း(လွန်)ကျောင်းတွင် ကျောင်းသား/တန်းခွဲအရ စာသင်ခန်း (၆)ခန်းလိုအပ်လျက်ရှိပါကြောင်း၊ အန္တရာယ်ဆောင် (၁၀၀ x ၂၄) ပေ သွပ်မိုး၊ တမံသလင်းခင်း၊ အုတ်ညှပ် (၁)ထပ်ဆောင်အား ဖျက်သိမ်း၍ ပေ (၁၁၀ x ၃၀) RCC(၂)ထပ် ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေး အစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း/ထွက်ခွာသည့်အခါ အာမခံထားသူ ပြည်သူများ၏ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ/နည်းဥပဒေပြဋ္ဌာန်းရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေက တင်သွင်းရာတွင် အာမခံစနစ်သည် ပြည်သူများ၏ စီးပွားရေးလုံခြုံမှုနှင့် မျှော်လင့်ချက်တို့ကို အာမခံပေးသည့်အရေးကြီးသောစနစ်ဖြစ်ပါကြောင်း၊ သို့သော် ကုမ္ပဏီတစ်ခုရပ်ဆိုင်းသွားပါက (သို့မဟုတ်) ရုတ်တရက် ထွက်ခွာသွားပါက ပေးသွင်းပြီး အာမခံကြေးများ ဆုံးရှုံးနိုင်ခြင်း၊ လျော်ကြေးမရနိုင်ခြင်း စသည့် အန္တရာယ်များဖြစ်ပေါ်နိုင်ပါကြောင်း။**

မြန်မာနိုင်ငံတွင် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်း အနည်းငယ်သာရှိပါကြောင်း၊ မြန်မာနိုင်ငံသားပြည်သူအများစုသည် အာမခံ၏အဓိပ္ပာယ်၊ အာမခံထားခြင်း၏ အကျိုးအပြစ်များကို သိရှိသူအလွန်နည်းပါးပြီး လူဦးရေ (၁ ရာခိုင်နှုန်း) အောက်သာ အာမခံထားရှိသည်ဟု သိရပါကြောင်း၊ ထို့ကြောင့် ပြည်သူများကို အာမခံလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သည့် ဗဟုသုတများကို ဖြန့်ဝေပေးပါက ကောင်းမွန်မည်ဟု ထင်မြင်မိပါကြောင်း။

ပိတ်သိမ်းထွက်ခွာခြင်းမရှိသေးသော အချို့သောပြည်ပကုမ္ပဏီများလည်း ရှိနေသေးသောကြောင့် နောက်ထပ်တူညီသည့် ဖြစ်စဉ်ကဲ့သို့ ပေါ်လာပါက ပြည်သူများ၏ အခွင့်အရေးများ မဆုံးရှုံးစေရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနများမှ အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund)အဖွဲ့အစည်းတစ်ခုကို အာမခံကုမ္ပဏီများမှ အချိုးကျထည့်ဝင်ငွေဖြင့် နိုင်ငံတော်အဆင့် ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ပါကြောင်း၊ အာမခံကုမ္ပဏီတစ်ခု ရပ်ဆိုင်းခြင်း(သို့မဟုတ်) ရုတ်တရက်ထွက်ခွာသွားခြင်းများရှိပါက မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီတစ်ခုအပေါ်သို့ ပေါ်လစီများ လွှဲပြောင်းပေးနိုင်သည့်စနစ်ကို ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးပါက ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ နစ်နာသူပြည်သူများအတွက် အမြန်ဆုံးကာကွယ်စောင့်ရှောက်ဆောင်ရွက်ပေးပါရန် တိုက်တွန်းတင်ပြအပ်ပါကြောင်း။

ထို့ပြင် အာမခံကုမ္ပဏီတစ်ခုခု လုပ်ငန်းရပ်ဆိုင်းမှု သို့မဟုတ် ထွက်ခွာသွားမှုများရှိပါက ပြည်သူများ သိရှိအောင် သတင်းထုတ်ပြန်ရန်နှင့် အာမခံပြည်သူများ ရပိုင်ခွင့်မဆုံးရှုံးစေရန် ကြိုးကြပ်ခြင်း၊ ပွင့်လင်းမြင်သာမှုစနစ်များကို ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သလို တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးလုံခြုံမှုများကဲ့သို့ အာမခံစနစ်သည်လည်း ပြည်သူများအတွက် အရေးကြီးသော အကာအကွယ်တစ်ခု ဖြစ်ပါသဖြင့် ဥပဒေစနစ်ခိုင်မာရေးကို ပြည်ထောင်စုအစိုးရအနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးသင့်ပါကြောင်း တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်မာရီအားမူက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ဇူလိုင် ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

အမျိုးသား
လွှတ်တော်
ရုပ်သံဖိုင်
ကြည့်ရန်

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၁၇

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သော အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်ရှိသဖြင့် အိန္ဒိယနိုင်ငံနှင့် လွှတ်တော်ဖွဲ့စည်းမှု တူညီပါကြောင်း၊ မိမိတို့လွှတ်တော်တွင် လွှတ်တော်ငယ်များဟု တင်စားခေါ်ဆိုသည့် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်းနှင့် လွှတ်တော်ရေးရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များ တစ်ဆင့်တက်ဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ Federalism စနစ်နှင့်စပ်လျဉ်း၍ လေ့လာလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရှိသည့်အတွက် လွှတ်တော် အချင်းချင်းလည်း ရင်းနှီးစွာ ထိတွေ့ဆောင်ရွက်ရေး ကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေပြုရေးအပါအဝင် လွှတ်တော်လုပ်ငန်းစဉ်များ၏ ကဏ္ဍစုံတွင် အဓိကထား ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ယခုမြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်နေသည့် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် မိမိတို့လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဟု မှတ်ယူထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီးက ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် ယခင်ကပင် ပုဂ္ဂိုလ်ရေးရင်းနှီးမှုများရှိကြ၍ ထပ်မံတွေ့ဆုံရသည်ကို ဝမ်းသာပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အတွက် စွမ်းရည်မြှင့်တင်ရေးနှင့်ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လွှတ်တော်အချင်းချင်း ထိတွေ့ဆက်ဆံရေးကိုလည်း အကူအညီပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ဥပဒေကြမ်း ကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီ အဖွဲ့ဝင် ဒေါ်အေးမြမြကြိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယသံအမတ်ကြီးနှင့်အတူ အိန္ဒိယကမ္ဘာ့ရေးရာကောင်စီ ခေတ္တအကြီးအကဲ Mr. N J Gangte နှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**သတင်းစဉ်**

---

✤ စာမျက်နှာ ၆ မှ

လမ်းပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို နီးစပ်ရာ ဘဏ္ဍာနှစ်များတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ကလောမြို့နယ်တွင် ဝန်ထမ်းအိမ်ရာများကို မည်သည့်အချိန်တွင် စီမံဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကလောမြို့နယ်တွင် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအတွက် သီးခြားအိမ်ရာမရှိသော်လည်း ဦးစီးဌာနများအလိုက် ရုံးနှင့်တွဲလျက်တည်ဆောက်ထားသော ဝန်ထမ်းအိမ်ရာများတွင် အများအားဖြင့် နေထိုင်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နှစ်အလိုက် ဘဏ္ဍာရန်ပုံငွေခွင့်ပြုမှုအရ ရှမ်းပြည်နယ်အတွင်းရှိ အိမ်ရာအခက်အခဲရှိသောမြို့များကို စိစစ်ရွေးချယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဝန်ထမ်းအိမ်ရာများကို ဆောင်ရွက်ပေးလျက်ရှိရာ စုစုပေါင်း ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၁၉၅ လုံး (အခန်းပေါင်း ၂၁၂၈ ခန်း) တည်ဆောက်ပေးပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မြို့ ၁၂ မြို့တို့တွင် ဝန်ထမ်းအိမ်ရာအဆောက်အအုံ အလုံးရေ ၈၀ (အခန်းပေါင်း ၁၁၅၄ ခန်း) ဆောင်ရွက်ပေးထားပါကြောင်း။

ကလောမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မြေနေရာရရှိရေးကို ကနဦးလျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်ကိုစိစစ်၍ နှစ်အလိုက် ရန်ပုံငွေလျာထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အား မြို့ကွက်သစ်ဖော်ရာတွင် ကျေးရွာ ၄ ရွာမှ လယ်ယာမြေများ သိမ်းဆည်းခဲ့သည့်အတွက် မြေကွက်အစားထိုးပေးအပ်ခြင်းနှင့် လျော်ကြေးငွေပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိတိုးကြောင်ကြီး၊တိုးကြောင်ကလေးကျေးရွာအပါအဝင် ကျေးရွာ ၄ ရွာသည် ၁၉၈၉-၁၉၉၀ ခုနှစ်၊ ဒဂုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြေနေရာများဖြစ်ပြီး မြို့ကွက်သစ်များအဖြစ် ဖော်ဆောင်ခဲ့ပြီးဖြစ်ပါကြောင်း၊အဆိုပါကျေးရွာများမှ သိမ်းဆည်းခံလယ်ယာမြေများအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)တို့တွင် ၎င်းအချိန်ကာလကတည်းက မြေကွက်များ အစားထိုး ပေးအပ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြေယာလျော်ကြေးငွေနှုန်းထားများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တန်ဖိုးသင့် စိစစ်သတ်မှတ်ရေးအဖွဲ့က ၂၀၁၇ ခုနှစ်တွင် သတ်မှတ်ထားသော လျော်ကြေးငွေနှုန်းထားအတိုင်း ပေးလျော်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက လျော်ကြေးပေးရန် စိစစ်ဆုံးဖြတ်ထားသော မြေနေရာများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဘဏ္ဍာငွေတင်ပြတောင်းခံရရှိမှုပေါ်မူတည်၍ လယ်သမားများကို နှစ်စဉ်လယ်ယာမြေလျော်ကြေးများ ပေးလျော်လျက်ရှိပါကြောင်း။

လျော်ကြေးငွေရရှိခြင်းမရှိဘဲ ကျန်ရှိနေပါက လယ်သမားများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြလျှောက်ထားသွားရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက ပေးလျော်ရန် ကျန်ရှိကြောင်း စိစစ်တင်ပြလာပါက ၂၀၁၇ ခုနှစ်က သတ်မှတ်ထားသည့် လျော်ကြေးငွေနှုန်းထားအတိုင်း ပေးလျော်သွားမည်ဖြစ်ပါကြောင်းနှင့် ခေတ်ကာလပေါက်ဈေးအရ လျော်ကြေးငွေပေးလျော်ရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **တောင်တွင်းကြီးနှင့် မြို့သစ်မြို့နယ်ကြားရှိ သံကူကွန်ကရစ်ရေကျော်အား သံကူကွန်ကရစ် "အမြင့်"ရေပေါ်အဖြစ်လာမည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်မှု ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပုလင်းချောင်းရေကျော်သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော တောင်တွင်းကြီး - မြို့သစ် - နတ်မောက်လမ်း မိုင် (၁၄/၀-၁၄/၁)အတွင်း တည်ရှိပါကြောင်း၊ အဆိုပါရေကျော်အား ၁၉၉၄ ခုနှစ်တွင် တည်ဆောက်ခဲ့သဖြင့် နှစ်ပေါင်း ၃၂ နှစ်ကျော် ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ပုလင်းချောင်းရေကျော်သည် မိုးတွင်းကာလမိုးများ၍ ချောင်းရေကျပါက ယာဉ်များသွားလာရန်ခက်ခဲပြီး ချောင်းရေလျော့နည်းသည့်အချိန်ထိ ၁ နာရီခွဲခန့် စောင့်ဆိုင်းဖြတ်သန်းသွားလာရပါကြောင်း။

အဆိုပါရေကျော်နေရာအား သံကူကွန်ကရစ်တံတားအသစ် အလျားပေ ၂၄၀ တည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွေး၏ **မိုင်းကိုင်လမ်းပိုင်းနှင့် ပန်ကေတု- ကျေးသီးလမ်းပိုင်းအား ချဲ့ပေးရန် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လျာထားနိုင်ခြင်း ရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မိုင်းကိုင်လမ်းပိုင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင် - ပန်ကေတု - သီပေါ(ခိုလုံ)လမ်း၏ လမ်းအစိတ်အပိုင်းဖြစ်ပြီး မိုင်းကိုင်မြို့က ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် (မြောက်ပိုင်း) နယ်စပ်အထိ ၄၀ မိုင် ၂ ဖာလုံအရှည်ရှိပြီး ပြည်ထောင်စုက စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ ပန်ကေတု-ကျေးသီးလမ်းပိုင်းသည် ကွန်ဟိန်း-မိုင်းနောင်-ကျေးသီး-ပန်ကေတု လမ်း၏ လမ်းအစိတ်အပိုင်းဖြစ်၍ ၁၁ မိုင်အရှည်ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ လွိုင်လင် - ပန်ကေတု- သီပေါ(ခိုလုံ)လမ်း၏ မိုင်းကိုင်လမ်းပိုင်းတွင် ကတ္တရာရေပိတ်လွှာလောင်းခြင်း ၃ ဖာလုံ၊ အမာခံလမ်းပခုံးပြုပြင်ခြင်း ၃ ဖာလုံ၊ မြေသားလမ်းပခုံးနေရာများပြုပြင်ခြင်း ၉ မိုင် ၃ ဖာလုံ ပြုပြင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် မိုင်းကိုင်လမ်းပိုင်းရှိ ပျက်စီးနေသော လမ်းပိုင်းများအား ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကွန်ဟိန်း-မိုင်းနောင် - ကျေးသီး - ပန်ကေတုလမ်း၏ ပန်ကေတု - ကျေးသီးလမ်းပိုင်းအား လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၆ ဖာလုံ၊ ကတ္တရာလမ်းပြုပြင်ခြင်း ၂ ဖာလုံ၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ လမ်း(၂)လမ်းနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် ပြည်ထောင်စုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လွိုင်လင်-ပန်ကေတု-သီပေါလမ်းအား ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၄ မိုင်၊ ၂ ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၇ ဖာလုံ၊ ၁၀ ပေ ၃၄ ပေ တည်ဆောက်ခြင်း၊ သံကူကွန်ကရစ်တံတား ၂ စင်း တည်ဆောက်ခြင်းနှင့် ကွန်ဟိန်း - မိုင်းနောင် - ကျေးသီး - ပန်ကေတုလမ်းအား ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၁ မိုင် ၂ ဖာလုံ ဆောင်ရွက်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်းကိုင်လမ်းပိုင်း ၂၆ မိုင်ခန့်နှင့် ပန်ကေတု-ကျေးသီးလမ်းပိုင်း ၁၁ မိုင်အား လမ်းအကျယ် ၁၈ပေ အကျယ်ချဲ့ခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီး မိုင်းကိုင်လမ်းပိုင်းအား ပြည်ထောင်စုရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပန်ကေတု-ကျေးသီးလမ်းပိုင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ဇူလိုင် ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

## မူးယစ်ဆေးဝါးအန္တရာယ်နှင့် ရောဂါကြိုတင်ကာကွယ်အသိပညာပေးဟောပြော



**မန္တလေး ဇူလိုင် ၁၇**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး၊ ပြင်ဦးလွင်မြို့နယ်ပညာရေးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းခွဲ(ပြင်ဦးလွင်)တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးစိုးနိုင်ဝင်းမြင့်က မူးယစ်သမိုင်းကြောင်း၊ အတွင်းရေးမှူး ဒေါ်အေးအေးဖြိုးက မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်း၊ စာရင်းစစ် ဦးခင်မောင်ထွေးက စိတ်ကြွမူးယစ်ဆေးအကြောင်း ဟောပြောကြသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး မြန်မာ - ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း (MYANMAR-RUSSIA JOINT EXERCISE(TIGER-2026)) ဆောင်ရွက်မှုအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၇

စစ်မြေပြင်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးအတွက် လေ့ကျင့်ဆောင်ရွက်သည့် **မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခန်း MYANMAR-RUSSIA JOINT EXERCISE(TIGER-2026)** ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိ တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း လေ့ကျင့်ရေးနယ်မြေ၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ကြည့်ရှုစစ်ဆေးသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ခဲ့သည့် တပ်ဖွဲ့ဝင်များအား မြန်မာ - ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

အဆိုပါ လေ့ကျင့်ခန်းသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းပြုလုပ်မည့် ရှုရပ်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက လေ့ကျင့်ခန်းဆိုင်ရာ ပေါင်းစပ်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုတို့ကို ကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာ - ရုရှား ပူးပေါင်းအဖွဲ့များက လေ့ကျင့်ခန်း အစီအစဉ်များအတိုင်း ပြုလုပ်ကြရာ Drone အဖွဲ့က ရန်သူ့နယ်မြေအတွင်း ကင်းထောက် Drone ဖြင့် ကင်းထောက်ခြင်း၊ စီးနင်းတိုက်ခိုက်ရေးအဖွဲ့များက ရဟတ်ယာဉ်ဖြင့် ယာဉ်ဆင်းရပ်သို့ ဆင်းသက်ခြင်း၊ Sniper အဖွဲ့က ရန်သူ့အဖွဲ့ငယ်နေရာများအား စနိုက်ပါဖြင့် ပစ်ခတ်ခြင်း၊ FPV၊ Heavy Drone တို့ဖြင့် ကြိုတင်ချေမှုန်းခြင်း၊ တိုက်စစ် စီမံချက်ပါအတိုင်း လေ့ကျင့်ခြင်းတို့ ဆောင်ရွက်ခြင်း၊ ရည်မှန်းချက်အသီးသီးသို့ တိုက်ပွဲလုပ်ငန်း အဆင့်အလိုက် ထိုးဖောက်ဝင်ရောက်၍ ရန်သူကိုချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက်အသီးသီးကို သိမ်းပိုက်ခြင်းများ ဆောင်ရွက်၍ လေ့ကျင့်ခန်းပြီးဆုံးခဲ့သည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich တို့ အထိမ်းအမှတ်တံဆိပ် အပြန်အလှန်ပေးအပ်စဉ်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တက်ရောက်လာကြသူများသည် မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခန်း MYANMAR – RUSSIA JOINT EXERCISE( TIGER – 2026) လေ့ကျင့်ခန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်ဆောင်ရွက်ခဲ့မှု Video Click အား ကြည့်ရှုကြသည်။ ၎င်းနောက် လေ့ကျင့်ခန်း အောင်မြင်စွာ ဆောင်ရွက်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် Quadcopter Drone နှစ်စင်းဖြင့် မြန်မာနှင့် ရုရှား နှစ်နိုင်ငံအလံများအား ချိတ်ဆွဲ၍ ဂုဏ်ယူဝင့်ကြွားစွာ သယ်ဆောင်ပျံသန်းချီတက်ကြသည်။

ယင်းနောက် လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ခဲ့သည့် တပ်ဖွဲ့ဝင်များအား မြန်မာ -ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်း လေ့ကျင့်ခန်း လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံများကြား ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်မှတ်တိုင် တစ်ခုဖြစ်သော မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်း လေ့ကျင့်ခန်းကို အောင်အောင်မြင်မြင် ပြီးဆုံးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အတွေ့အကြုံများ အပြန်အလှန် နီးနှောဖလှယ်ခြင်း၊ ဆွေးနွေးသုံးသပ်ခြင်း၊ လက်တွေ့လေ့ကျင့်ခန်းများ လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ကြကာ အပြန်အလှန် လေးစားယုံကြည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အတူတကွ လက်တွဲလုပ်ဆောင်ခွင့်ရခဲ့ခြင်း၊ အကောင်းဆုံး လက်တွေ့ လုပ်ဆောင်ချက်များကို အပြန်အလှန်သင်ယူခွင့်ရခဲ့ပြီး ထိရောက်သည့် ဖြေရှင်းနည်းများကို အတူတူရှာဖွေနိုင်ခဲ့ခြင်းများသည် များစွာတန်ဖိုးရှိပါကြောင်း၊ ယခုရရှိခဲ့သည့် အသိပညာနှင့် အတွေ့အကြုံများကို နောင်များတွင်လည်း အောင်အောင်မြင်မြင် ပြန်လည်အသုံးချနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုတည်ဆောက်နိုင်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် လုပ်ငန်းဆိုင်ရာ ဆက်သွယ်မှုများသည် လည်း ဆက်လက်ပြီး ခိုင်မြဲနေမည်ဖြစ်ကြောင်း။

ကျွမ်းကျင်မှုအပြည့်နှင့် တာဝန်သိစိတ်ရှိရှိ အကျိုးရှိရှိ ပူးပေါင်းဆောင်ရွက် ပေးခဲ့ကြသော တက်ရောက်လာကြသည့် အကြီးအကဲများ၊ နည်းပြများ၊ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်မှုများသည် ရှေ့ဆက်၍လည်း ပိုမိုခိုင်မာလာမည်ဖြစ်သကဲ့သို့ နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် မိတ်ဖက်အဖြစ် ဆောင်ရွက်မှုများနှင့် မိမိတို့နိုင်ငံများကြား ဆက်ဆံရေးပိုမိုတိုးတက်ရန် အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်အထူးတပ်ဖွဲ့နှင့် ရုရှားတပ်ဖွဲ့များပူးပေါင်းပြီး ရန်သူ့လှုပ်ရှားနယ်မြေအတွင်း အခိုင်အမာခြေကုပ်ယူထားသော အချက်အချာကျသည့် ရန်သူ့တောင်ကုန်းကို တိုက်ခိုက်ချေမှုန်းသည့် တပ်ပါတိုက်စစ် လေ့ကျင့်ခန်းတစ်ခုဖြစ်ကြောင်း၊ ရန်သူအခြေပြုထားသည့် ပင်မတောင်ကုန်းနှင့် ရန်သူများဖြန့်ခွဲတည်ရှိသော နေရာများကို UAV၊ Drone၊ Sniper များ အသုံးပြုပြီး အထူးတပ်ဖွဲ့များဖြင့် ချေမှုန်းတိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း။

လေ့ကျင့်ခန်းတွင် မြန်မာ့တပ်မတော်ကာကွယ်ရေးပစ္စည်းစက်ရုံများမှ ထုတ်လုပ်သည့် စစ်လက်နက် ပစ္စည်းများနှင့် ရုရှားတပ်မတော်က လက်ရှိအသုံးပြုလျက်ရှိသည့် နည်းပညာမြင့်မားသည့် စစ်လက်နက်ပစ္စည်းများကိုပေါင်းစပ်ပြီး အသုံးပြုတိုက်ခိုက်ကြသည်ကို တွေ့မြင်ရသည့်အတွက် လေ့ကျင့်ခန်းတွင် ကိုယ်တိုင်ပါဝင် လေ့ကျင့်သည့် တပ်ဖွဲ့ဝင်များနှင့်မိမိတို့ ကြည့်ရှုလေ့လာသူများအတွက် များစွာအကျိုးရှိစေကြောင်း၊ ထို့အပြင် မိမိတို့၏ **စာမျက်နှာ ၁၀ သို့** ✰



မြန်မာ - ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းပြုလုပ်စဉ်။

✰ စာမျက်နှာ ၉ မှ

အထူးတပ်ဖွဲ့ဝင်များနှင့် ရုရှားတပ်ဖွဲ့များအားလုံး စစ်မြေပြင်တွင် ရဲဘော်ရဲဘက်စိတ် ပြည့်ဝစွာဖြင့် ဟန်ချက်ညီစွာ လှုပ်ရှားတိုက်ပွဲဝင်နေသည့် ပုံရိပ်ကိုလည်း တွေ့မြင်ခံစားရမိပါကြောင်း။

တိုက်ပွဲဖြစ်ပွားမှုနှင့် အတူ စစ်ဆင်ရေး နယ်မြေအတွင်းမှ ဒဏ်ရာရရှိသူ တပ်ဖွဲ့ဝင်များကိုလည်း ရန်သူ့ပစ်ခတ်မှုအောက် အန္တရာယ်ရှိသည့် တိုက်ပွဲနယ်မြေအတွင်းမှ ကယ်ထုတ်ရန်အတွက် မောင်းသူမဲ့ Robotic သူနာတင်ယာဉ်ဖြင့် အချိန်မဆိုင်းဘဲ လျင်မြန်စွာလှုပ်ရှား၍ ရွှေ့ပြောင်းသယ်ယူဆောင်ရွက်ပုံကိုလည်း လေ့လာ တွေ့မြင်ရကြောင်း၊ အလားတူ ယနေ့ခေတ်သစ်စစ်ပွဲတစ်ခု၏ အသွင်သဏ္ဍာန်ဖြစ်သည့် မျက်မှောက်ခေတ် စစ်မြေပြင်တွင် ရန်သူထိခိုက်ကျဆုံးမှု များပြားအောင် ထိရောက်စွာချေမှုန်းနိုင်သည့် Drone၊ FPV များ၏ စွမ်းဆောင်ရည်နှင့် အသုံးပြုတိုက်ပွဲဝင်ပုံကိုလည်း လေ့လာကြည့်ရှုခွင့်ရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုက ရှေးနှစ်ပေါင်းများစွာမှ ယခုအထိ တိုးတက်ခိုင်မြဲလျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးသည် ရင်းနှီးနွေးထွေးစွာဖြင့် တန်ဖိုးထား ထိန်းသိမ်းခဲ့ရာမှာ ယနေ့အထိဖြစ်ကြောင်း၊ နှစ်နိုင်ငံ စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိပြီး နှစ်ဖက်တပ်မတော်အကြီးအကဲများနှင့် အဆင့်မြင့် အရာရှိကြီးများ၏ အပြန်အလှန်ခရီးစဉ်များ လည်းပတ်လျက်ရှိကြောင်း။

ရုရှားတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့အကြား လေ့ကျင့်ခန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရုရှားနိုင်ငံတွင် ပြုလုပ်ခဲ့သော Caucasus 2020 (Kavkaz)နိုင်ငံတကာ စစ်ရေးလေ့ကျင့်ခန်း၊ ၂၀၂၃ ခုနှစ် ရုရှားနိုင်ငံ အရှေ့ပိုင်းဗလာဒီဗော့စတော့ခ်မြို့တွင်ပြုလုပ်သည့်အာဆီယံအပေါင်း အကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းအဖွဲ့ မြေပြင်လက်တွေ့လေ့ကျင့်ခန်း၊ နိုင်ငံစုံပါဝင်လေ့ကျင့်သည့် Army Game ပြိုင်ပွဲများ၊ နှစ်နိုင်ငံ ဗိုလ်လောင်းများ၏ အားကစားပြိုင်ပွဲများ စသည့် ကဏ္ဍမျိုးစုံတွင် မြန်မာ့တပ်မတော်က ပူးပေါင်းပါဝင်ခဲ့ပြီး နိုင်ငံတကာ အတွေ့အကြုံများစွာကို ရရှိစေခဲ့ပါကြောင်း၊ ၎င်းအတွေ့အကြုံ များသည် မိမိတို့ မြန်မာ့တပ်မတော်၏ ခေတ်မီတပ်မတော် Standard Army တည်ဆောက်ရေးအတွက် စွမ်းရည်မြှင့်တင်ရာတွင် အထောက်အကူများစွာ ဖြစ်စေပါကြောင်း။

ယခုပြုလုပ်သည့် **MYANMAR-RUSSIA JOINT EXERCISE (TIGER-2026) လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် ကြည်းတပ်များအကြား ပထမဆုံးအကြိမ် ပူးတွဲလေ့ကျင့်ခန်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်ခန်းတွင် အသုံးပြုရန် ရုရှားနိုင်ငံက ယူဆောင်လာသည့် စစ်လက်နက်ပစ္စည်းများကို လက်တွေ့ ကိုင်တွယ်လေ့ကျင့် အသုံးပြုခွင့်ရရှိခဲ့ခြင်း ကလည်း နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားတွင်ရှိသည့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုပြီး နက်ရှိုင်းစေမည်ဖြစ်ကြောင်း။**

ယနေ့ပြုလုပ်သည့်လေ့ကျင့်ခန်းတွင် ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့သော နှစ်နိုင်ငံမှ တပ်ဖွဲ့ဝင်များအားလုံးနှင့် လေ့ကျင့်ခန်းအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်စလုံးမှ တာဝန်ရှိသူအရာရှိ စစ်သည်များအားလုံးကို အသိအမှတ်ပြုပါကြောင်းနှင့် ယခုလေ့ကျင့်ခန်းမှရရှိသည့် အတွေ့အကြုံကောင်းများနှင့် ချစ်ကြည်ရင်းနှီးမှုများသည် မြန်မာ-ရုရှား တပ်မတော်နှစ်ရပ်အကြား ရေရှည်တည်တံ့ခိုင်မြဲသော ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်မည့်အပြင် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား တိုးတက်ကောင်းမွန်သော အကျိုးရလဒ်ကောင်းများကို ဖန်တီးနိုင်မည်ဖြစ်ကြောင်းနှင့် လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်သားများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့ကြသည့် တပ်ဖွဲ့များအတွက် သစ်သီးခြင်းများ လက်ဆောင်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားတပ်မတော်မှ တပ်ဖွဲ့ဝင်များနှင့်အတူ မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခန်း MYANMAR-RUSSIA JOINT EXERCISE (TIGER-2026) အောင်မြင်စွာပြီးစီးမှု အထိမ်းအမှတ် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich နှင့် တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီ တေးဂီတအဖွဲ့နှင့် ရုရှားအနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

နေ့လယ်စာသုံးဆောင်အပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ရုရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့သည် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြသည်။

အဆိုပါ မြန်မာ - ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခြင်းကို ဇူလိုင်လ ၆ ရက်နေ့မှ စတင်၍ ဥတ္တရသီရိတပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်း၊ အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်း၌ မြန်မာတပ်ဖွဲ့ဝင်များနှင့် ရုရှားတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အင်ဂျင်နီယာ၊ ဒရုန်း၊ စနိုက်ပါ၊ ဆေး၊ ဆက်သွယ်ရေး၊ တောတွင်းစစ်ဆင်ရေး၊ တောင်ပေါ်စစ်ဆင်ရေး စသည့် ဘာသာရပ်များနှင့် စစ်မြေပြင် အတွေ့အကြုံများကို ရုရှားနည်းပြများနှင့် မြန်မာနည်းပြများက စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယနေ့တွင် လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်မတော်မှ နည်းပြများနှင့် လေ့ကျင့်ခန်းတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော် စစ်သမိုင်းပြတိုက်နှင့် အခြားအထင်ကရ နေရာများသို့ သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**MYANMAR-RUSSIA JOINT EXERCISE (TIGER-2026) လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော် ကြည်းတပ်များအကြား ပထမဆုံးအကြိမ် ပူးတွဲလေ့ကျင့်ခန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်ခန်းတွင် အသုံးပြုရန် ရုရှားနိုင်ငံက ယူဆောင်လာသည့် စစ်လက်နက်ပစ္စည်းများကို လက်တွေ့ ကိုင်တွယ်လေ့ကျင့် အသုံးပြုခွင့်ရရှိခဲ့ခြင်းကလည်း နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြားတွင်ရှိသည့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုပြီးနက်ရှိုင်းစေမည်ဖြစ်**



လေ့ကျင့်ခန်းအောင်မြင်စွာဆောင်ရွက်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် Quadcopter Drone နှစ်စင်းဖြင့် မြန်မာနှင့် ရုရှား နှစ်နိုင်ငံအလံများအား ချိတ်ဆွဲ၍ ဂုဏ်ယူဝင့်ကြွားစွာ သယ်ဆောင်ပျံသန်း ချီတက်ကြစဉ်။



မြန်မာ - ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းပြုလုပ်စဉ်။

သတင်းစဉ်

---

❖ မြန်မာအသင်းမှ

ဇူလိုင် ၁၆ ရက်မှစ၍ ဗီယက်နမ်နိုင်ငံ၌ လေ့ကျင့်လျက်ရှိသည်။ ယခုခြေစမ်းပွဲမှာ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်သစ် အန်ဒါဆင်အတွက် ပထမဆုံးပွဲလည်းဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းတွင် ဂိုးသမား-ဇင်ညီညီအောင်၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီယူနိုက်တက်)၊ နောက်တန်း- နန္ဒကျော်၊ ဖြိုးပြည့်စုံ(ရှမ်းယူနိုက်တက်)၊ ဟိန်းဖြိုးဝင်း၊ ဟိန်းဇေယျာလင်း (ရန်ကုန်ယူနိုက်တက်)၊ ဖွဲခန့်မင်း(ရန်ကုန်စီးတီး)၊ မြတ်ဘုန်းခန့်(သစ္စာအားမာန်)၊ စိုးမိုးကျော် (ကလပ်အသင်းမရှိသေး)၊ အလယ်တန်း- ဝေလင်းအောင် (နိုဂျီရီဆမ်ဘီလန်-မလေးရှား)၊ ရှိုင်းဝဏ္ဏအောင်၊ မင်းမော်ဦး (သစ္စာအားမာန်)၊ အောင်မျိုးခန့်၊ ဇော်ဝင်းသိန်း၊ မောင်မောင်လွင် (ရန်ကုန်ယူနိုက်တက်)၊ လွင်မိုးအောင်(ကလပ်အသင်းမရှိသေး)၊ ကျော်မင်းဦး(ကလပ်အသင်းမရှိသေး)၊ မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်း (ရန်ကုန်စီးတီး)၊ ကောင်းမြတ်ငြိမ်း(အား/ကာသိပ္ပံ)၊ ဟိန်းထက်အောင်(မီလာကာ-မလေးရှား)၊ ရဲရင့်အောင်(ရှမ်းယူနိုက်တက်)၊ ရှေ့တန်း - ဝင်းနိုင်ထွန်း(ရန်ကုန်စီးတီး)၊ သန်းပိုင်(ကလပ်အသင်းမရှိသေး)၊ စောမျိုးဇော်(သစ္စာအားမာန်)တို့ ပါဝင်ကြသည်။

အာဆီယံ ဖွန်ဒိုင်းဖလားပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(B)၌ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ လာအိုတို့နှင့် ကျရောက်နေသည်။

သတင်း - ညီမြတ်သော်တာ

ဓာတ်ပုံ - MFF

❖

---

## မြေပြင်သာကျေးရွာ ဝါစိုက်တောင်သူများအား မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်

**မြို့သစ် ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်သမဝါယမဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် လူမှုစီးပွားမြှင့်တင်ရေး (သက်တံ့ရောင်) စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေမှ ဝါသီးနှံစိုက်ပျိုးသည့်တောင်သူများအတွက် မျိုးနှင့်သွင်းအားစု ပံ့ပိုးပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြေပြင်သာကျေးရွာအုပ်စု မြေပြင်သာကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့သစ်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာလတ်ဖြူက ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား လူမှုစီးပွားမြှင့်တင်ရေး (သက်တံ့ရောင်)စီမံကိန်းဖြင့် မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ မြေပြင်သာကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်း သမဝါယမ အသင်းသားတောင်သူ ၄၆ ဦး၊ ဝါဧက ၁၅၀ ဧကအတွက် စုစုပေါင်းငွေကျပ်သိန်း ၃၅၄၀၀၀၀၀ တန်ဖိုးရှိ မျိုးစေ့နှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းအိစွန် (မြန်/ဆက်)

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ဒေးရှမ့် ၂၀၂၆ ကမ္ဘာ့ဖလား တတိယလုပွဲပြီးနောက် ပြင်သစ်အသင်းမှ ထွက်ခွာမည်



**လန်ဒန် ဇူလိုင် ၁၇**

ပြင်သစ်အသင်းနည်းပြ ဒေးရှမ့်သည် ၂၀၂၆ ကမ္ဘာ့ဖလား တတိယလုပွဲပြီးနောက် အသင်းနည်းပြရာထူးမှ ထွက်ခွာမည်ဖြစ်သည်။

အဆိုပါ နည်းပြသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ပြင်သစ်အသင်းက စပိန်အသင်းကို နှစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနှင့် လမ်းခွဲရန် ဆုံးဖြတ်လာခဲ့ခြင်းဖြစ်သည်။

နည်းပြဒေးရှမ့်သည် ပြင်သစ်အသင်းကို ပွဲပေါင်း ၁၈၄ ပွဲ ကိုင်တွယ်ခဲ့ရာ နိုင်ပွဲ ၁၂၀ ရယူပေးနိုင်ခဲ့ပြီး ၂၀၁၈ ကမ္ဘာ့ဖလားချန်ပီယံဆု၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဒုတိယနေရာ၊ ယူရို ၂၀၁၆ ပြိုင်ပွဲတွင် ဒုတိယနေရာတို့ကိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ (ဝဲပုံ)

ပြင်သစ်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား တတိယလုပွဲအဖြစ် လာမည့် ဇူလိုင် ၁၉ ရက်တွင် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)

## ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရန် မက်ဆီ ရေပန်းစား

**လန်ဒန် ဇူလိုင် ၁၇**

အာဂျင်တီးနားအသင်း တိုက်စစ်မှူး မက်ဆီသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးရန် ရေပန်းစားလျက်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် အာဂျင်တီးနားအသင်းကို ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုလို ရေပန်းစားလာခြင်း ဖြစ်သည်။

ထို့ပြင် တိုက်စစ်မှူး မက်ဆီသည် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကိုလည်း ငါးကြိမ်အထိ ဆွတ်ခူးထားခဲ့သည်။

တိုက်စစ်မှူး မက်ဆီ၏ အာဂျင်တီးနားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် စပိန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ထို့ကြောင့် မက်ဆီအနေဖြင့် ဗိုလ်လုပွဲစဉ်တွင် စပိန်အသင်းကို အနိုင်ရယူပြီး လက်ရှိရေပန်းစားနေသည့်အတိုင်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ယာပုံ)

(NGB)



## တီလေမန်းစ် မန်ယူအသင်းတွင် ကျောနံပါတ် (၁၈) ဂျာစီကို ဝတ်ဆင်ကစားသွားမည်




**လန်ဒန် ဇူလိုင် ၁၇**

ကွင်းလယ်ကစားသမားသစ် တီလေမန်းစ် မန်ယူအသင်းတွင် ကျောနံပါတ်(၁၈)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အက်စတွန်ဗီလာအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅သန်းဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။ (ဝဲပုံ)

ကွင်းလယ်ကစားသမား တီလေမန်းစ်သည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၄ပွဲကစားပြီး ၁၀ ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် တီလေမန်းစ် အပါအဝင် အန်ဒရေဆန်းတို့စ်၊ ဒါလို့စ် စသည့် ကစားသမားများကို ခေါ်ယူအားဖြည့်ထားသည်။ (NGB)

## ကာရိုလိုင်းဂရေဟာမ်ဟန်ဆန် ဘာစီလိုနာအမျိုးသမီးအသင်းနှင့် ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**ဘာစီလိုနာ ဇူလိုင် ၁၇**

ဘာစီလိုနာအမျိုးသမီး အသင်းသည် အသင်း ဝါရင့် တောင်ပံကစားသမား ကာရိုလိုင်း ဂရေဟာမ်ဟန်ဆန်ကို ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဝါရင့် တောင်ပံ ကစားသမားသည် ဘာစီလိုနာ အမျိုးသမီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၉၂ ပွဲကစားကာ ၉၃ ဂိုး သွင်းယူနိုင်ခဲ့သလို ဆုဖလားပေါင်းများစွာ ရရှိအောင် အကောင်းဆုံး ပံ့ပိုးကူညီပေးနိုင်ခဲ့မှုကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကာရိုလိုင်းဂရေဟာမ်ဟန်ဆန်က "ကျွန်မ အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းဟာ ကျွန်မအတွက် ကြီးကျယ်ခမ်းနားဆုံးအသင်းပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားမှာပါ"ဟု ပြောသည်။

(အောက်ပုံ) (NGB)





## 2026 Palermo Ladies Open တင်းနစ်ပြိုင်ပွဲ ဇူလိုင် ၂၀ ရက်တွင် စတင်မည်

**တူရင် ဇူလိုင် ၁၇**

အီတလီနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Palermo Ladies Open တင်းနစ်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၀ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Palermo Ladies Open တင်းနစ်ပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၇ ရက်အထိ ၈ ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Palermo Ladies Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Palermo Ladies Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ ဂရိတ်ဗြိတိန်တင်းနစ်မယ် Francesca Jones ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဂရင်းဝုဒ်ကို ယူရို ၃၉ သန်းဖြင့် ဖီနာဘာချီအသင်း ခေါ်ယူ




**လန်ဒန် ဇူလိုင် ၁၇**

တူရကီကလပ် ဖီနာဘာချီအသင်းသည် မာဆေးလ်အသင်း တိုက်စစ်မှူး ဂရင်းဝုဒ်ကို ယူရို ၃၉ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဖီနာဘာချီအသင်းနှင့်အတူ လေးနှစ်စာချုပ်ချုပ်ဆိုခဲ့ပြီး ကျောနံပါတ် (၁၁)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တိုက်စစ်မှူး ဂရင်းဝုဒ်သည် မာဆေးလ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ ပွဲကစားကာ ၄၈ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂရင်းဝုဒ်က "ကျွန်တော် ဖီနာဘာချီအသင်းကို ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ လာမယ့် ဘောလုံးရာသီမှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(အပေါ်ပုံ) (NGB)

## မာလ်ဖီတာနို ကက်ဂလီယာရီအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇူလိုင် ၁၇**

စီးရီးအေကလပ် ကက်ဂလီယာရီအသင်းသည် အသင်း လူငယ်ကွင်းလယ်ကစားသမား မာလ်ဖီတာနိုကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသည့်အပြင် အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် ကက်ဂလီယာရီအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ကက်ဂလီယာရီအသင်း၏ ထုတ်ပြန်ချက်တွင် "မာလ်ဖီတာနိုကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့လည်း စာချုပ်သက်တမ်းကုန်ဆုံးတော့မယ့် ကစားသမားတွေကို သက်တမ်းတိုးဖို့ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(အောက်ပုံ) (NGB)



## အန်တိုနီယိုဗာဂါရာကို ခေါ်ယူရန် စပါးအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၁၇**

ပရီးမီးယားလိဂ်ကလပ် စပါးအသင်းသည် နာပိုလီအသင်း ကွင်းလယ်ကစားသမား အန်တိုနီယိုဗာဂါရာကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် နာပိုလီအသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၁၉ပွဲ ကစားကာ သုံးဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

နာပိုလီအသင်းကလည်း အန်တိုနီယိုဗာဂါရာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် စပါးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် နာပိုလီအသင်းမှ အန်တိုနီယိုဗာဂါရာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ)

(NGB)



### နိုင်ငံတကာ ခြေစမ်းပွဲစဉ်များ (နိုင်ကမ္ဘာ)

| ရက်/အချိန် | ပွဲစဉ် |
|---|---|
| ၁၈-၇-၂၀၂၆ ညနေ၆း၃၀နာရီ | ဗီယက်နမ် - မြန်မာ |

### ၂၀၂၆ ကမ္ဘာ့ဖလား တတိယလုပွဲစဉ် (နိုင်ကမ္ဘာ)

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု |
|---|---|---|
| ၁၉-၇-၂၀၂၆ နံနက်၀၃း၃၀နာရီ | ပြင်သစ် - အင်္ဂလန် | ပြင်သစ် ၂-၁ အင်္ဂလန် (၁၁-၁၂-၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ) |

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မြစ်ငယ်ကုန်းတွင်းဆိပ်ကမ်းရှိ Mandalay Commercial Complex မှ ပို့ကုန်လုပ်ငန်းရှင်များအတွက် ဆောင်ရွက်ပေးနေသည့် One Stop Service လုပ်ငန်းများနှင့် စပ်လျဉ်း၍ အသိပေးရှင်းလင်းပြောကြားခြင်း အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးဒေသမှ ပို့ကုန်လုပ်ငန်းရှင်များအတွက် ပို့ကုန်လုပ်ငန်းစဉ်များကို ပိုမိုလွယ်ကူ၊ မြန်ဆန်၊ ကုန်ကျစရိတ် သက်သာပြီး ယုံကြည်စိတ်ချမှုရရှိစေရန် ရည်ရွယ်၍ မန္တလေးမြို့၊ မြစ်ငယ် ကုန်းတွင်းဆိပ်ကမ်းရှိ Mandalay Commercial Complex မှ ပို့ကုန်လုပ်ငန်းရှင်များအတွက် ဆောင်ရွက်ပေးနေသည့် (One Stop Service) လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသိပေးရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကုန်းတွင်းဆိပ်ကမ်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)နှင့် ဆက်စပ်ဌာနများမှ တိုင်းဦးစီးမှူးများနှင့် တာဝန်ရှိသူများ၊ Resources Group Logistics မှ တာဝန်ရှိသူများ၊ မန္တလေး တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း(MRCCI)၊ မန္တလေးမြို့ ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း ကုန်စည်ဒိုင်တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊






ညီနောင်အသင်းများ၊ ပွဲရုံလုပ်ငန်းရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ Resources Group Logistics မှ တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် Dry Port အတွင်းရှိ General Warehouse ၌ ကုန်ပစ္စည်းများ ဝင်ရောက်မှု၊ သိုလှောင်မှုနှင့် အဝေးသို့ သယ်ဆောင်မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို လိုက်လံကြည့်ရှုခဲ့သည်။

ငင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်တွင်း၌ စားရေရိက္ခာ ဖူလုံပိုလျှံရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို အလေးထားဆောင်ရွက်နေပါကြောင်း၊ Dry Port အတွင်းရှိ General Warehouse ၌ ကုန်ပစ္စည်းများ ဝင်ရောက်မှု၊ သိုလှောင်မှုနှင့် အဝေးသို့သယ်ဆောင်မှု ဆောင်ရွက်သည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ဌာနများ သတ်မှတ်ထားသည့် General Warehouse လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ စားရေရိက္ခာ ဖူလုံပိုလျှံရေး၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးနှင့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးတို့ကို အားလုံး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ငင်းနောက် ကုန်သွယ်ရေး ဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးခမ်လျန်စွမ်းက မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပို့ကုန်လုပ်ငန်းရှင်များ၏ ပထမရက် (၁၀၀) အတွင်း ပို့ကုန်တင်ပို့နိုင်မှုနှင့် ရွှေ့အနာဂတ်ပို့ကုန် အလားအလာတို့ကိုလည်းကောင်း၊ Resources Group Logistics မှ တာဝန်ရှိသူများက ပြည်ပသို့ ပြောင်းနှင့် သကြားများ တိုက်ရိုက်တင်ပို့နိုင်မှု၊ မြစ်ငယ်မှ ရန်ကုန်ရှိ Dry Port နှင့် သတ်မှတ်ထားသည့် ဆိပ်ကမ်းများအထိ ကွန်တိန်နာများကို ရထားဖြင့် စနစ်တကျချိတ်ဆက်ပို့ဆောင်ပေးနေမှုတို့အား ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀







## နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်

**သာစည် ဇူလိုင် ၁၇**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ယနေ့ နံနက်က လမင်းစီမံချက်ဖြင့် အထက မယ်ဇလီကန်၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလွင်မျိုးထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးစိုးဝင်းအောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းတို့က သွားရောက်ကြည့်ရှုအားပေးကြရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ သာစည်မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကျော်စိုးက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြသသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့၊ ဦးစီးအရာရှိ ဦးကျော်စိုး၊ ကျောင်းအုပ်ကြီး ဦးကျော်လွင်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က ကျောင်းသား၊ ကျောင်းသူ ၁၁၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)(၄၈၇)**



## မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောပွဲနှင့် လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**မန္တလေး ဇူလိုင် ၁၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ အကွက်(၅၂-အတွင်း)၊ ၁၀ လမ်း၊ ၇၅လမ်းနှင့် ၇၆လမ်းကြား၊ အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်းရှိ မြရတနာပုံခန်းမ၌ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ပြန်လည် ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြန်လည်ထူထောင်ရေးဦးစီးဌာန လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ (မန္တလေး) ဦးစီးအရာရှိ ဒေါ်စီးမှန်နှင့်ဝန်ထမ်းများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး) ဦးစီးအရာရှိ ဦးအောင်ကိုမြင့်နှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုဝေနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုဝေက အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဦးအောင်ကိုမြင့်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်စီးမှန်က လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများကိုလည်းကောင်း အသီးသီး အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
**အောင်ပိုင်ဟိန်း**



## (VDP)စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**မြစ်သား ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံဆိပ်ကျေးရွာအုပ်စု၊ ကူဖြူကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (VDP) စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာကော်မတီဝင် ရွေးချယ်မှု သတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ကူဖြူကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ပုံ)
(၄၄၅)

## တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ သောက်သုံးရေလိုအပ်နေသော ကျေးရွာနေပြည်သူများအား ရေဂါလန် ၃၂၀၀ သွားရောက်လှူဒါန်း

**ညောင်ဦး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ ဒေသတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစေရေးအတွက် ဌာနရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြည့်ဆည်းလှူဒါန်းပေးလျက်ရှိရာ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ညောင်ဦးမြို့နယ်၊ တောင်ဇင်းကျေးရွာအုပ်စု၊ ဘုန်းတော်ကျေးရွာရှိ ဒေသခံပြည်သူများ သောက်သုံးရေလိုအပ်နေကြောင်းသိရ၍ ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၃၂၀၀ သွားရောက်ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ၏ ဦးဆောင်မှုဖြင့် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ တပ်ကြပ်ကြီးမျိုးချို ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့နယ်၊ ဘုန်းတော်ကျေးရွာရှိ အိမ်ခြေ ၃၆၀ ၊ လူဦးရေ ၁၂၀၀ ဦးခန့်အတွက် သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန် ရေဂါလန် ၃၂၀၀ အား စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ ဒေသတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမဖြစ်စေရန်နှင့် ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၏ ကြီးကြပ်မှုဖြင့် သောက်သုံးရေ အကူအညီတောင်းခံလာသည့် ကျေးရွာများ၊ တဲတိုက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာစာသင်ကျောင်းများကို ဌာနရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြည့်ဆည်းလှူဒါန်းပေးလျက်ရှိပြီး ယခု ဇူလိုင်လအတွင်း သောက်သုံးရေဂါလန် ၈၀၀၀ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**(၄၄၅)**



## စားသုံးဆီများကို ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် စားသုံးဆီများ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးအတွင်းရှိ စားသုံးဆီ အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စစ်ဆေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ကျော်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့များက မြို့ပေါ်ရပ်ကွက်များနှင့် ဈေးများရှိ စားသုံးဆီ အရောင်းဆိုင်များတွင် စားအုန်းဆီများကို သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်၊ အခြားစားသောက်ကုန်ပစ္စည်းများဖြင့် တွဲဖက်၍ ရောင်းချခြင်း မပြုရန်၊ ပါကင်ပိတ်ဖြင့် ရောင်းချသည့် မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီနှင့် ဟင်းသီးဟင်းရွက်ဆီများတွင် FDA ထောက်ခံချက်ပါရှိသည့်ကုန်ပစ္စည်းများ ရောင်းချရန်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။

ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများ စားသုံးဆီများ ဈေးနှုန်း သက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဆီလုပ်ငန်းရှင်အသင်းက မြို့ပေါ်ရပ်ကွက်၊ ဈေးများရှိ စားသုံးဆီ အရောင်းဆိုင်တွင် စားအုန်းဆီများကို ပြည်သူများကို အလှည့်ကျ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)နောင်နောင်(မိဿနိုးမြေ)**



## ပင်းတယမြို့နယ် ဥယျာဉ်ခြံများမှထွက်ရှိသော ပန်းထိမ်ပန်းစည်းများ ဈေးနှုန်းမှန်ကန်စွာရရှိစေလို

**ပင်းတယ ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုကျေးရွာများ၏ ဥယျာဉ်ခြံများမှ ဧပြီလကုန်ချိန်တွင် စတင်စိုက်ပျိုး၍ ပထမဝါဆိုလလယ်၌ထွက်ရှိသော ပန်းထိမ် (ဒေသအခေါ် ပန်းထိမ်ငို) ပန်းစည်းများ ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိသည်။

အဆိုပါပန်းထိမ်ပန်းပင်များအား စိုက်ပျိုးရာတွင် အပတ်စဉ် ပိုးသတ်ဆေးနှင့် အပွင့်သန်ဆေးများဖျန်းပက်၍ တစ်ဧကလျှင် ကုန်ကျငွေကျပ်သိန်း ၂၀ ခန့် ရင်းနှီးထားရပြီး ပန်းထိမ်ပန်းများ စတင်ခူးဆွတ်ရောင်းချရာတွင် ပန်းပွင့်ခိုင် ၁၀ ခိုင် ပါရှိသည့် ပန်းစည်းတစ်စည်းလျှင် ငွေကျပ် ၂၅၀၀ မှ ငွေကျပ် ၁၅၀၀၊ ငွေကျပ် ၁၀၀၀ ၊ ငွေကျပ် ၇၀၀ မှ ယခု ပန်းစည်း တစ်စည်းလျှင် ငွေကျပ် ၅၀၀ အထိ ဈေးနှုန်းနိမ့်နေ၍ အရင်းအနှီးငွေပြန်လည်ရရှိရန် ရုန်းကန်နေရသဖြင့် ပန်းစည်းတစ်စည်းလျှင် ငွေကျပ် ၁၀၀၀ မှ ၁၅၀၀ ခန့်ရရှိရန် မျှော်မှန်းထားကြောင်း သရက်ကုန်းကျေးရွာပန်းစိုက်တောင်သူများထံမှ သိရသည်။ (ဝဲပုံ)



ဓနုဒေသ ပင်းတယမြို့ပေါ် (၁၃)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၂၇)အုပ်စု၊ ကျေးရွာပေါင်း ၁၃၇ ရွာတွင် မှီတင်းနေထိုင်ကြသော ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်း အစရှိသော တိုင်းရင်းသားမိဘပြည်သူများ၏ အဓိကမိသားစုစားဝတ်နေရေးလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သဖြင့် ၁၃၈၈ ခု ဒုတိယဝါဆိုလပြည့်(ဓမ္မစကြာအခါတော်)နေ့ထူးနေ့မြတ်ရောက်ရှိလာတော့မည်ဖြစ်၍ အဖြူရောင်သန်းလျက် လှပစွာ ပွင့်လန်းနေသည့် ပန်းထိမ်ပန်းခိုင်ပန်းစည်းများ ဈေးကောင်းရရှိမည်ဟု မျှော်လင့်နေကြောင်း သိရသည်။

(၃၃၈)

၀-၀-၀-၀-၀

# လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် သမ္မတ ရှီကျင့်ဖျင်က ကာဇက်စတန်သမ္မတအား ပြောကြား



**ပေကျင်း ဇူလိုင် ၁၇**

တရုတ်နိုင်ငံနှင့် ကာဇက်စတန်နိုင်ငံတို့အနေဖြင့် ၎င်းတို့၏ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများနှင့် မူဝါဒများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကို အားကောင်းစေရန်နှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်တိုးမြှင့်သွားရန် သမ္မတ ရှီကျင့်ဖျင်က ဇူလိုင် ၁၆ ရက်တွင် တိုက်တွန်းပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရှန်ဟိုင်းမြို့တွင် သောကြာနေ့၌ ဖွင့်လှစ်ရန် လျာထားသော ၂၀၂၄ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်တုညီလာခံနှင့် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုအုပ်ချုပ်မှုဆိုင်ရာ အဆင့်မြင့်အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့က ရှန်ဟိုင်းမြို့သို့ ရောက်ရှိလာသည့် ကာဇက်စတန်သမ္မတ ကတ်ဆင်ဂျိုမတ် တိုကာယက်ဗ်နှင့် တွေ့ဆုံစဉ် ရှီကျင့်ဖျင်က ယင်းကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ရာစုနှစ်တစ်ခုအတွင်း မကြုံစဖူးသော ကြီးမားနက်ရှိုင်းပြီး ရှုပ်ထွေးလှသည့် နိုင်ငံတကာအခင်းအကျင်း ပြောင်းလဲမှုများအကြား တရုတ်-ကာဇက်စတန် ဆက်ဆံရေးသည် အချိန်ကာလ၏ စမ်းသပ်မှုကို ခံနိုင်ရည်ရှိခဲ့ပြီး အချိန်နှင့်အမျှ ပိုမိုခိုင်မာလာခဲ့သည်ဟု သမ္မတ ရှီကျင့်ဖျင်က ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

0-0-0

# အဓိက စတော့ဈေးကွက်အများစု ကျဆင်းသွားပြီး ကမ္ဘာ့ရေနံဈေးနှုန်းများလည်း မတည်မငြိမ်ဖြစ်နေခဲ့

**ဝါရှင်တန် ဇူလိုင် ၁၇**

ဆီမီးကွန်ဒတ်တာ ရှယ်ယာများ ဆက်လက်ကျဆင်းလာခြင်းကြောင့် ဇူလိုင် ၁၆ ရက်တွင်




အဓိက စတော့ဈေးကွက်အများစု ကျဆင်းသွားခဲ့ပြီး ကမ္ဘာ့ရေနံဈေးနှုန်းများလည်း မတည်မငြိမ်ဖြစ်နေခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဥရောပနှင့် အမေရိကန်ဈေးကွက်အများစု အကျဘက်သို့ မရောက်ရှိမီ အာရှဒေသတွင် နည်းပညာကဏ္ဍက ဦးဆောင်ကာ ရှယ်ယာဈေးနှုန်းများ ကျဆင်းခဲ့သည်။

ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြင့်တက်နေသော တန်ဖိုးဖြတ်မှုများအပေါ် စိုးရိမ်ပူပန်နေကြသဖြင့် မှတ်ဉာဏ်ချစ်ပ်ရှယ်ယာများ ဈေးဆက်လက်ကျဆင်းလျက်ရှိသည်။

နည်းပညာကဏ္ဍ အများဆုံးပါဝင်သော နာ့စ်ဒက်အညွှန်းကိန်း ၁ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းသွားမှုနှင့်အတူ ဝေါလ်စထရီ အဓိက စတော့ရှယ်ယာအညွှန်းကိန်းများလည်း အကျဘက်သို့ ရောက်ရှိသွားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

0-0-0

# ထိန်းချုပ်မနိုင်အောင် လောင်နေသော ကနေဒါတောမီးများကြောင့် အမေရိကန်ပြည်ထောင်စုအတွင်းသို့ မီးခိုးမြူများ ပျံ့နှံ့ရောက်ရှိ

**အော့တဝါ ဇူလိုင် ၁၇**

ထိန်းချုပ်မရနိုင်အောင် တောက်လောင်နေသော ကနေဒါနိုင်ငံ၏ တောမီးများကြောင့် အမေရိကန်ပြည်ထောင်စုအတွင်းသို့ မီးခိုးမြူများ ပျံ့နှံ့ရောက်ရှိလာပြီး လူပေါင်းသန်းနှင့်ချီ၍ ဘေးအန္တရာယ်ရှိသော ညစ်ညမ်းလေထုနှင့် ရင်ဆိုင်နေရသဖြင့် ဇူလိုင် ၁၆ ရက်တွင် မန်ဟက်တန်မြို့ပြ၏ ကောင်းကင်ယံတစ်ခုလုံး မီးခိုးမြူထုများ ဖုံးလွှမ်းသွားခဲ့ပြီး ချီကာဂိုမြို့တွင် ကမ်းခြေများကို ပိတ်လိုက်ရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကနေဒါနယ်စပ်နှင့် နီးစပ်သည့် မင်နီဆိုးတား၊ ဝစ္စကွန်းဆင်း၊ မိချီဂန်နှင့် အီလီနွိုင်း အပါအဝင် အမေရိကန်ပြည်နယ်များတွင် လေထုညစ်ညမ်းမှုကို အဆိုးရွားဆုံး ခံစားနေရပြီး နယူးယောက် အပါအဝင် အရှေ့မြောက်ပိုင်း ဒေသများတွင်လည်း လေထုအရည်အသွေး ပိုမိုဆိုးရွားလာခြင်းနှင့် ရင်ဆိုင်နေရသည်။

ကမ္ဘာ့လေထုအရည်အသွေးစောင့်ကြည့်ရေးအဖွဲ့ဖြစ်သည့် အိုင်ကျူအဲ၏ ဖော်ပြချက်အရ ချီကာဂိုမြို့နှင့် ဒီထရွိုက်မြို့တို့သည် ကမ္ဘာပေါ်တွင် လေထုအညစ်ညမ်းဆုံး မြို့များ ဖြစ်လာခဲ့ပြီး နယူးယောက်မြို့သည်လည်း ၎င်းတို့နောက်တွင် ကပ်လျက်ရှိနေကြောင်း သိရသည်။

**Mon**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



# အာဂျင်တီးနားနိုင်ငံရှိ ကူထရယ်ကိုအမည်ရှိ မြို့ငယ်လေး ခရီးသွားဆွဲဆောင်ရာနေရာအဖြစ် ပြောင်းလဲလာလျက်ရှိ

**ဗွယ်နိုဆိုင်ရက်စ် ဇူလိုင် ၁၇**

အာဂျင်တီးနား အမျိုးသားအသင်း၏ ၂၀၂၄ ခုနှစ် ဖီဖာ ကမ္ဘာ့ဖလား ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့် ခရီးစဉ်က ဘောလုံးအဖျားရောဂါကို ပိုမိုမြင့်တက်စေခဲ့ရာ အာဂျင်တီးနားနိုင်ငံရှိ ကူထရယ်ကိုအမည်ရှိ မြို့ငယ်လေးကို လီယွန်နယ်မက်ဆီ၏ အမြင့် ၂၆ မီတာရှိသော ဧရာမရုပ်တုကြီးကြောင့် ခရီးသွားဆွဲဆောင်ရာ နေရာတစ်ခုအဖြစ် ပြောင်းလဲလာလျက်ရှိကြောင်း သိရသည်။

အာဂျင်တီးနားနိုင်ငံ ပါတာဂိုးနီးယားဒေသ နျူကြမ်ပြည်နယ်တွင် တည်ရှိသည့် ကူထရယ်ကိုမြို့သည် ဒေသခံအာဏာပိုင်များနှင့် ဖန်တီးသူတို့၏ ပြောကြားချက်အရ ကမ္ဘာ့အကြီးဆုံး မက်ဆီဂုဏ်ပြုရုပ်တု တည်ရှိရာနေရာ ဖြစ်သည်။

အဆိုပါ ဧရာမရုပ်တုကြီးသည် ခရီးသွားများအတွက် အထင်ကရ နေရာသစ်တစ်ခု ဖြစ်လာခဲ့ပြီး ဇူလိုင် ၁၅ ရက်က အာဂျင်တီးနားနှင့် အင်္ဂလန်နှစ်သင်း၏ ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ပွဲစဉ်ကို ပြင်ပဧရာမ စခရင်ကြီးဖြင့် ကြည့်ရှုရန် ရုပ်တုရှေ့ရှိ ရင်ပြင်သို့ လူအများအပြား လာရောက်စုဝေးခဲ့ကြကြောင်း သိရသည်။

**Mon**



# အိန္ဒိယအရှေ့ပိုင်း ဩဒိရှပြည်နယ် ဟိန္ဒူဘာသာရေးပွဲအတွင်း လူအုပ်ပြိုလဲမှုကြောင့် အနည်းဆုံး လူတစ်ဦး သေဆုံးခဲ့

**နယူးဒေလီ ဇူလိုင် ၁၇**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩဒိရှပြည်နယ်၌ ဇူလိုင် ၁၆ ရက်က ကျင်းပသည့် လူကြိုက်များသော ဟိန္ဒူဘာသာရေးပွဲတော်တစ်ခုတွင် လူအုပ်ပြိုလဲမှုကြောင့် အနည်းဆုံး လူတစ်ဦး သေဆုံးပြီး အများအပြား ဆေးရုံတင်ထားရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရာသီယာထရာရထားပွဲတော်အတွက် ပူရီကမ်းရိုးတန်းမြို့တွင် လူပေါင်းသောင်းနှင့်ချီ၍ စုဝေးခဲ့ကြစဉ် ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့သက်တမ်းအရင့်ဆုံးနှင့် အကြီးမားဆုံး ဘာသာရေးလှည့်လည်ပွဲများအနက် တစ်ခုအဖြစ် သတ်မှတ်ထားသော ယင်းပွဲတော်တွင် ဟိန္ဒူနတ်ဘုရားရုပ်တုများကို ဂျဂန္နသ်ကျောင်းတော်ပြင်ပသို့ ပင့်ဆောင်ကာ ရောင်စုံအလှဆင်ထားသော ရထားများဖြင့် လမ်းမများပေါ်တွင် လှည့်လည်အပူဇော်ခံခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံအားကစားသင်တန်းဖွင့်ပွဲ ကျင်းပ

**ပြင်ဦးလွင် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၌ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် တိုက်ကွမ်ဒိုအားကစားဆပ်ကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံအားကစားသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀နာရီက ပြင်ဦးလွင်ခရိုင် အားကစားကွင်း၊ ခန်းမ(၂)၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများအားကစားဆပ်ကော်မတီဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



ဈေးဦးစွာ ပြင်ဦးလွင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တိုက်ကွမ်ဒိုကလပ်နည်းပြချုပ် ဦးမြကြိုင်အား အမှတ်တရပစ္စည်းပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းအထောက်အကူပြုဝတ်စုံများပေးအပ်ခဲ့ရာ တိုက်ကွမ်ဒိုအားကစားသမား နှစ်ဦးက လက်ခံရယူပြီး နည်းပြဆရာက သင်တန်းဖွင့်လှစ်သင်ကြားပေးမည့် ပညာရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များနှင့် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သင်တန်းအား သင်တန်းကာလ ဇူလိုင် ၁၆ရက်မှ ဩဂုတ် ၂၇ ရက်အထိ တိုက်ကွမ်ဒိုသင်တန်းသား၊ သင်တန်းသူ ၄၅၀ ဦး၊ ဖူဆယ်ဘောလုံးသင်တန်းသား ၅၀ ဦး၊ ကြက်တောင် သင်တန်းသား၊ သင်တန်းသူ ၅၀ဦး၊ စုစုပေါင်းအားကစားနည်း ၃မျိုး၊ သင်တန်းသား၊ သင်တန်းသူ ၅၅၀ ဦးဖြင့် သင်ကြားဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

**သွေးသွေး ခရိုင်(ပြန်/ဆက်)**

*-*-*-*-*-*

## စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**တောင်တွင်းကြီး ဇူလိုင် ၁၇**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများအပြင် ပြင်ပစာပေကောင်းများ ဖတ်ရှုလေ့လာသိရှိခြင်းဖြင့် အသိပညာဗဟုသုတများ တိုးတက်ပြီး ဗလငါးတန်ပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရန် ရည်ရွယ်၍ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပေလေးပင်ခန်းမ၌ ကျင်းပခဲ့သည်။



ဈေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားရေးအတွက် အားလပ်သည့် အချိန်များတွင် စာအုပ်၊ စာပေများကို လေ့လာကြရမည်ဖြစ်ကြောင်း၊ ပညာလို အိုသည်မရှိ ဆိုသည့်အတိုင်း ပညာတတ်မြောက်မှသာ အမှားအမှန် ဝေဖန်ပိုင်းခြားနားလည်မည်ဖြစ်ကြောင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နေ့စဉ် စာဖတ်ရာ၌ သုတ၊ ရသပညာရပ်ပေါင်းစုံကို ဖတ်ရှုလေ့လာကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့် နောင်တစ်ချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် သားကောင်း၊ သမီးကောင်းများပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၀ ဦး တက်ရောက်ခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**နောင်နောင်(မိဿနိုးမြေ)**




ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## တို့တာဝန်

* တို့ပြည်ထောင်စု မြန်ပြည်ထုကို
ပြုစုကာကွယ် ထိန်းသိမ်းရယ်သား
တို့မယ်ခွန်အား စုပေါင်းအားနဲ့
မနားဆောင်ကြမည် ဆောင်ကြမည်။

* တို့တိုင်းရင်းသား မြေပြန့်အားနဲ့
ရင်းသားတောင်ပေါ် မကျန်နော်လေ
ပျော်ပျော်စုစည်း မပြိုမြိုးတွယ်
ရဲရဲဆောင်မည် ဆောင်ကြမည်။

* တို့ရဲ့ချုပ်ခြာ ပြည်မဟာကို
ကွယ်ကာလွတ်လပ် ခန့်အပ်မှတ်ပီ
တို့ရပ်တည်မည် တို့သည်အများ
စုပေါင်းအားနဲ့ ဆောင်ကြမည်။

* တာဝန်သုံးရပ် အလေးမှတ်၍
သပ်ရပ်ကာကွယ် လေးစားရယ်သား
မကွယ်ကမ္ဘာ ဤကမ္ဘာတွင်
ရှည်ကြာစေသား ရှည်စေသား ····ဟု။ ။

**ဝေယံမိုးခိုင်-မန်း**

## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး(၁/၂၀၂၆)သင်တန်းပို့ချ

**မန္တလေး ဇူလိုင် ၁၇**

မန္တလေး၊ အမရပူရမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းပို့ချမှုကို ယနေ့ နံနက် ၈နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဆက်လက်သင်ကြားပို့ချလျက်ရှိသည်။

ထိုသင်တန်းတွင် ဌာနဆိုင်ရာအသီးသီးမှ သင်တန်းနည်းပြများက ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရာသီဥတုနှင့် ကောက်ပဲသီးနှံ နှစ်ချုပ်အစီရင်ခံစာဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ အကောင်အထည်ဖော်ရေးဆောင်ရွက်မှုများ၊ ဘီလီယက်ခုံလိုင်စင် ထုတ်ပေးခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းပို့ချခဲ့သည်။

အဆိုပါ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းကို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၅၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁ရက်မှ ၃၁ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

**လဲ့လဲ့နိုင်**

*-*-*-*-*-*



### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာ ထက်ပို၍ မမောင်းရ။
- မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

## လုပ်ငန်းအမည်နာမနှင့် ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အမှတ်-(တ-၃/၁၃)၊ ၆၂လမ်းနှင့် ၁၀၂(အေ)လမ်းထောင့်နေ ဦးခင်လှိုင်(ဘ)ဦးဟန်ရုံ (ခ)ဦးထွန်းထွန်းဝင်း(၁၂/ပဇတ(နိုင်)၀၄၂၄၂၂)၏ လွှဲအပ်ညွှန်ကြားချက်အရ **"My Home"** ခြင်လုံလိုက်ကာ၊ ခန်းဆီးလိုက်ကာနှင့် အိမ်တွင်းအလှဆင်လုပ်ငန်းအမည်၊ ကုန်အမှတ်တံဆိပ်တို့အား အများသိစေရန် အောက်ပါအတိုင်း သတိပေးကြေညာလိုက်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးခင်လှိုင်မှ ယခင်ကတည်းကပင် အထက်ဖော်ပြပါ **"My Home"** အမည်အမှတ်တံဆိပ်ဖြင့် ခြင်လုံလိုက်ကာ၊ ခန်းဆီးလိုက်ကာနှင့် အိမ်တွင်းအလှဆင်လုပ်ငန်းအား လုပ်ကိုင်ခဲ့ပြီး ယနေ့အချိန်တွင်လည်း မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၆၂လမ်းနှင့် ၁၀၂(အေ)လမ်းထောင့်။ အမှတ်-(တ-၃/၁၃)တွင် လုပ်ငန်းနှင့် အရောင်းဆိုင်ဖွင့်လှစ်ကာ ခြင်လုံလိုက်ကာ၊ ခန်းဆီးလိုက်ကာနှင့် အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

ဦးခင်လှိုင်က အထက်ဖော်ပြပါ **"My Home"** ခြင်လုံလိုက်ကာ၊ ခန်းဆီးလိုက်ကာနှင့် အိမ်တွင်းအလှဆင်လုပ်ငန်းအမည်၊ ကုန်အမှတ်တံဆိပ်သည် ၄င်း၏ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်ပြုလုပ်ထားသော အမည်၊ ကုန်အမှတ်တံဆိပ်ဖြစ်ကြောင်းကို သက်ဆိုင်ရာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လုပ်ငန်းအမည်တံဆိပ်မှတ်ပုံတင် မြွက်ဟကြေညာစာတမ်းအား မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

အခြားသူတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ အများကသော်လည်းကောင်း၊ အဆိုပါ **"My Home"**ခြင်လုံလိုက်ကာ၊ ခန်းဆီးလိုက်ကာနှင့် အိမ်တွင်းအလှဆင်လုပ်ငန်းဆိုင်အမည်၊ ကုန်အမှတ်တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တုပပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ လုပ်ငန်းခွဲ၊ ဆိုင်ခွဲဟုပြောဆို ပြုလုပ်ဆောင်ရွက်ခြင်း၊ အကျိုးတူလုပ်ငန်းဖြစ်သည်ဟု လုပ်ကိုင်ပြောဆို ထုတ်လုပ်ဖြန့်ဖြူးရောင်းချဆောင်ရွက်ခြင်းတို့ဖြင့် ခြင်လုံလိုက်ကာ၊ ခန်းဆီးလိုက်ကာနှင့် အိမ်တွင်းအလှဆင်ပစ္စည်းအမျိုးမျိုးကိုသော်လည်းကောင်း၊ ခြင်လုံလိုက်ကာ၊ ခန်းဆီးလိုက်ကာနှင့် အိမ်တွင်းအလှဆင်ပစ္စည်းနှင့်ဆက်စပ်သောလုပ်ငန်းများကိုသော်လည်းကောင်း လုပ်ကိုင်ခြင်းမပြုကြရန်နှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ပါက ဦးခင်လှိုင်၏ လုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအရပ်ရပ်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးခင်လှိုင်(၁၂/ပဇတ(နိုင်)၀၄၂၄၂၂)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေမျိုးဇော်(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၇၅၅)**

**ဦးမင်းသူ(တရားလွှတ်တော်ရှေ့နေ)** **(စဉ်-၁၁၄၈၆)** **ဦးဟုန်ကျိန်ပိ(အထက်တန်းရှေ့နေ)** **(စဉ်-၅၄၅၇၆)** **ဒေါ်မီမီထွန်း(အထက်တန်းရှေ့နေ)** **(စဉ်-၅၅၆၅၆)**

**အမှတ်-(န-၃/၂၈)၊ ၆၂(အေ)လမ်း၊ လမ်း၄၀နှင့်၄၁လမ်းကြား၊ မဟာမြိုင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၁၀၁၈၄၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ အကွက်အမှတ်(၇၅၇)၊ ဦးပိုင်အမှတ်(၁၅-ခ)၊ မြေဧရိယာ (၀ ဒသမ ၀၉၅၀)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်ပေါ်တွင် မြေရှင်နှင့် ရောင်းချသူ ဦးခင်မောင်လတ်(၉/ကဆန(နိုင်)၀၈၃၉၀၂) ကိုင်ဆောင်သူတို့ အချိုးတူ ဆောက်လုပ်ထားသည့် အာရ်စီ(၈)ထပ်တိုက် (ရင်ကွဲ)တိုက်ခန်းမှ ကန်ထရိုက်တာ ပိုင်ဆိုင်ခွင့်ရရှိထားသည့် အရှေ့ဘက်ခြမ်း စတုတ္ထထပ်အခန်းအမှတ်(A-4)၊(၁၈×၈၅)ပေအကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ရေ(ဆက်လက်သုံးစွဲပိုင်ခွင့်)၊ လျှပ်စစ်မီးမီတာ၊ဆိုလာ(အင်ဗာတ်တာ)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သူဇာအောင်(LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၇၄/ ၂၀၁၂)**

**ဒေါ်ငွေးစုသွင်(LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၁၁/ ၂၀၁၉)**

**အမှတ်(၄၀)၊ ၃၁လမ်း၊ ၆၈လမ်းနှင့်၆၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၆၁၃၊ ၀၉-၄၃၁၆၁၇၇၄**

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာအုပ်စု၊ ကန်သာယာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၉၈-က/ကျီကုန်းကွင်း)ဦးပိုင်အမှတ်/မြေကွက်အမှတ်(၁၅/၁)၊ ဧရိယာ(၀ ဒသမ ၁၁)ဧကရှိ မြေနေရာအား ဦးလှမြင့်+ဒေါ်ဝင်နီမောင်မောင် အမည်ဖြင့် မြေငှားဂရန်ရရှိခဲ့ပြီး ဦးလှမြင့်+ဒေါ်ဝင်နီမောင်မောင်တို့သည် ကွယ်လွန်သွားပြီဖြစ်ပါသဖြင့် သားသမီးများဖြစ်ကြသော ဦးကျော်စိုးနိုင်(ပါ-၄)ဦးမှ ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်မွေးဆက်ခံစာချုပ် ချုပ်ဆိုခဲ့ကြပြီး ဦးကျော်စိုးနိုင်(ပါ-၄)ဦး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဦးတင်အောင်မိုးထံမှ ဒေါ်မာလာအောင်သည် ဧရိယာ(၀ ဒသမ ၁၁)ဧကအနက်မှ ဧရိယာ(၀ ဒသမ ၀၅၅)ဧကအား ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့ပါကြောင်း၊ ဝယ်ယူရရှိခဲ့သည့် မြေနေရာ၏ မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ (၂၅-၇-၂၀၁၈)ရက်စွဲပါ ဦးပိုင်ခွဲအမိန့်အမှတ်(၅/၂၀၁၈)အရ ထုတ်ပေးခဲ့သည့် ဦးပိုင်ခွဲအမိန့်သည် ပျောက်ဆုံးသွားပါသဖြင့် အဆိုပါဦးပိုင်ခွဲအမိန့်အား ဒေါ်မာလာအောင်(၉/မရမ(နိုင်) ၀၃၀၆၁၁)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း အပျောက်(အသစ်)ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့**

**ကြော်ငြာစာ**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၁၂/ကန်ကောက်ကန်တွင်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇၉/၃/၅၈)၊ ဧရိယာ(၀ ဒသမ ၀၂၉)ဧကရှိ မြေနေရာအား ဦးကျော်ကျော်ဝင်း(ခ)ဦးရန်ကွေ့ယုံ(၁၃/တယန(နိုင်)၀၀၀၃၀၅)အမည်ဖြင့် မန္တလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၂၀၅/၂၀၁၈-၂၀၁၉)၊ ဂရန်စာချုပ်အမှတ်(၆၆/၂၀၁၉-၂၀၂၀)အရ (၁၈-၁၁-၂၀၁၉)ရက်မှ (၂၇-၄-၂၀၄၄)ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပြီး ဦးကျော်ကျော်ဝင်း(ခ)ဦးရန်ကွေ့ယုံ၏ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်စန်းဝင်းထံမှ ဒေါ်ဝင်ထင်သည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်ဝင်ထင်(၁/ဝမန(ပြု) ၀၀၀၀၉၂)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့**

သင့်သွေးဖြင့် အသက်ကယ်ပါ။

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၅၈)၊ အကျယ် ပေ(၆၀×၄၀)အကျယ်အဝန်းရှိ မြေကွက်သည် ဒေါ်သန်းရီ အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ မြေချစလစ်မူရင်းနှင့်ဆက်စပ်စာချုပ်များသည် အထားမှား၍ ပျောက်ဆုံးသွားပါသည်။ ယခုအခါ အထက်ဖော်ပြပါဝိုင်းမြေ၏ အနောက်ဘက်ခြမ်း ပေ(၃၀×၄၀)မြေကွက်ပေါ်၌ အိမ်ဆောက်လုပ်ခြင်း၊ အုတ်တံတိုင်းကာရံခြင်းများ ပြုလုပ်ရန်အတွက် ပုသိမ်ကြီးမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနသို့ အိမ်ဆောက်မိန့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့၍ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြေကွက်ပိုင်ရှင်**
**ဦးဝင်းထိန်(ဘ)ဦးမောင်မောင်တင်**
**(၉/မနတ(နိုင်)၀၉၇၅၂၀)**
**စည်သာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၂၀၁၄၂၅၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၁၀)၊ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ(၀ ဒသမ ၁၁၀၂)ဧက အကျယ်အဝန်းရှိ ဒေါ်မြညွန့် အမည်ပေါက် ဂရန်မြေကွက်၏ မြောက်ဘက်အစွန်ဆုံးခြမ်း ဧရိယာ ပေ(၂၀ × ၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် လက်ရှိလက်ရောက် ပိုင်ဆိုင်အသုံးပြုလျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်မြညွန့်(ဘ) ဦးဘမှန်(၁၀/မလမ(နိုင်)၀၂၈၁၉၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့် ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်အိအိနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**၇၅လမ်း၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၉၁၁၈၆၄၁၊ ၀၉-၇၉၆၅၀၃၇၄၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၁၁)၊ ဦးပိုင်အမှတ်(၄၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒုတပ်ကြပ် ငွေအောင်(ဘ) ဦးသိန်းဖံ(၇/ပတန(နိုင်)၀၀၃၄၀၁)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း ဧရိယာ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရီသန့်(ဘ)ဦးကျော်ဝင်း(၅/စကန(နိုင်)၁၉၉၃၂၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ** **B.A (Hist), H.G.P** **ဦးအောင်ဖြိုးမောင်** **LL.B** **ဒေါ်နန်းဖြူဖြူအေး** **B.Sc , PGDL**

**(အထက်တန်းရှေ့နေများ)**
**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ထွန်းတုံးရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၄၄၁၀၁၀၈၄၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြရည်နန္ဒာအိမ်ရာ၊ အကွက်အမှတ်(မမ-၂၈)၊ (၄)ခန်းတွဲ၊ (၆)ထပ်၊ တိုက်ခန်းမှ တိုက်အမှတ်(၂၀)၊ မြေညီထပ်၊ အခန်းအမှတ်(၃)၊ ဒေါ်ခင်နှင်းဆီ အမည်ပေါက် တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော ရေ+မီး(ဆက်လက်သုံးစွဲပိုင်ခွင့်)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုရောင်းချသူ ဒေါ်ကေသီအောင်(ဘ)ဦးမြင့်အောင်(၉/မကန(နိုင်)၁၀၈၀၉၁)မှ ကျွန်ုပ်တို့၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်သူဇာအောင်(LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၇၄/ ၂၀၁၂)**

**ဒေါ်ငွေးစုသွင်(LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၁၁/ ၂၀၁၉)**

**အမှတ်(၄၀)၊ ၃၁လမ်း၊ ၆၈လမ်းနှင့်၆၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၁၉၆၁၃၊ ၀၉-၄၃၁၆၁၇၇၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၀)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၀၃)ဧက အကျယ်အဝန်းရှိ ဒေါ်လှရင် အမည်ပေါက်ရှိသော ဂရန်မြေကွက်အား ဒေါ်တင်မေ(အဘ)ဦးအိဗရာအင်(၉/မနတ(နိုင်)၀၃၁၅၂၆)၊ ဒေါ်တိုး(အဘ)ဦးဘကြူး(၉/မနတ(နိုင်)၀၂၀၃၃၄)နှင့် ဒေါ်စိန်စိန်(အဘ)ဦးသန်းညွန့်(၉/မနတ(နိုင်)၀၂၀၃၇၈)တို့မှ (၉-၇-၂၀၀၈)ရက်စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်အမှတ်(၁၈၉၉/၂၀၀၈)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ ပူးတွဲအမွေဆက်ခံပိုင်ဆိုင်သူများအနက်မှ ဒေါ်တိုးသည် (၁၉-၇-၂၀၂၁)ရက်က ကွယ်လွန်သွားခဲ့ပါသဖြင့် ယခုအခါ အဆိုပါမြေကွက်အား ကျန်ရစ်သူ သား၊ သမီးနှင့် မြေးများဖြစ်ကြသော (၁) ဒေါ်တင်တင်မာ (အဘ)ဦးကျော်အုန်း(၉/မနတ(နိုင်)၀၂၀၃၄၄)၊ (၂)ဦးကျော်ကျော်(အဘ)ဦးကျော်အုန်း(၉/မနတ(နိုင်)၀၂၀၃၃၅)၊ (၃)ဦးစိုးစိုး(အဘ) ဦးကျော်အုန်း(၉/မနတ(နိုင်)၀၀၂၄၆၁)၊ (၄)ဦးစောမင်းနိုင်(အဘ)ဦးကျော်အုန်း(၉/မဟမ(နိုင်)၀၀၁၇၃၉)၊ (၅)ဦးခင်မောင်တင့်(အဘ)ဦးမြေဇာ(၉/မနတ(နိုင်)၀၃၁၀၄၂)၊ (၆)ဦးမင်းမင်းထွန်း(အဘ)ဦးခင်မောင်တင့်(၉/မဟမ(နိုင်)၀၃၉၂၃၅)နှင့် (၇)ဦးမင်းမင်းသူ (အဘ)ဦးခင်မောင်တင့်(၉/မဟမ(နိုင်)၀၃၉၂၃၆)တို့မှ အမွေဆက်ခံစာချုပ် ချုပ်ဆိုခြင်းနှင့် ဂရန်သက်တမ်းတိုးခြင်းများ ပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါ အမွေဆက်ခံစာချုပ် ချုပ်ဆိုခြင်းနှင့် ဂရန်သက်တမ်းတိုး ဆောင်ရွက်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အထက်ပါမြေကွက်နှင့်ပတ်သက်၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုခြင်းနှင့် ဂရန်သက်တမ်းတိုးခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | | | | | |
|---|---|---|---|---|---|---|
| ဦးဇော်မင်းလေး | ဒေါ်အိအိဖွေး | ဦးဇင်မင်းထိုက် | ဒေါ်ဆုမြတ်အောင် | ဒေါ်နီနီမြင့် | ဒေါ်ဆွေမြတ်ဇင်ဝင်း | ဒေါ်မေသူဇာဝင်း |
| (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့်၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၆၈၈၉၈၈၀၀၁၊ ၀၉-၆၆၀၀၆၃၆၀၀၊ ၀၉-၄၀၂၆၃၉၇၆၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၁)၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ(၀ ဒသမ ၀၄၀၀)ဧကရှိ ဦးကျော်အေး အမည်ပေါက်ရှိသော ဂရန်မြေကွက်၏ ခံစင်းပြဧရိယာ(၀ ဒသမ ၀၀၅၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ အဝီစိတွင်း၊ သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိက အမွေဆက်ခံပိုင်ခွင့်ရှိ၍ ယင်းပစ္စည်းအရပ်ရပ်တို့ကို တရားဝင် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဒေါ်စိုးစိုး (အဘ)ဦးကျော်ဆင့်(၉/မရမ(နိုင်)၀၆၀၈၂၀)ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးစရန်ငွေများ ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်း အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ကျွန်ုပ်တို့ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | | | | |
|---|---|---|---|---|---|---|
| ဦးဇော်မင်းလေး | ဒေါ်အိအိဖွေး | ဦးဇင်မင်းထိုက် | ဒေါ်ဆုမြတ်အောင် | ဒေါ်နီနီမြင့် | ဒေါ်ဆွေမြတ်ဇင်ဝင်း | ဒေါ်မေသူဇာဝင်း |
| (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) | (LL.B) |

**တရားလွှတ်တော်ရှေ့နေများ**

**၂၈လမ်း၊ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၆၀၄၅၃၇၈၊ ၀၉-၄၃၁၃၃၁၇၆၊ ၀၉-၆၈၈၉၈၈၀၀၁၊ ၀၉-၆၆၀၀၆၃၆၀၀၊ ၀၉-၄၀၂၆၃၉၇၆၆**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ သုခမင်္ဂလာ(၁)ရပ်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၉၈/သစ်ချိုကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၁/၁၁၆+၁၂၅)၊ ဧရိယာ(၀ ဒသမ ၁၁)ဧကရှိ မြေနေရာအား ဦးမျိုးမင်း အမည်ဖြင့် ပုသိမ်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ကော်လိတ္တော်အရာရှိရုံး၏ တောဂရန်အမှုတွဲအမှတ်(၅၁၈၇/၁၉၉၃-၁၉၉၄)အရ (၁-၁-၁၉၉၃)ရက်မှ (၃၁-၁၂-၂၀၂၂)ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပြီး ဦးမျိုးမင်း၏ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခြင်းခံရသူ ဒေါ်ရီရီဝင်းထံမှ ဦးဇေယျာသည် ပုသိမ်ကြီးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးဇေယျ(၁၃/ရစန(နိုင်)၀၀၆၀၉၈) အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့မရပ်ကွက်၊ ရန်ကင်းသာယာ(က)ရပ်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(က/၂၉၉)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေနေရာအား ဦးသန်းထွန်း၊ ဒေါ်ခင်ဝင်းမြင့်တို့ (၂)ဦးအမည်ဖြင့် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၉/၂၀၂၁-၂၀၂၂)၊ ဂရန်စာချုပ်အမှတ်(၈/၂၀၂၂-၂၀၂၃)အရ (၅-၁၀-၂၀၂၂) ရက်မှ (၁၁-၁၀-၂၀၂၂)ရက်အထိ နှစ်(၃၀)မြေငှားဂရန်အား (မူလသက်တမ်းအတိုင်း)ရရှိခဲ့ပြီး မြေငှားဂရန်သက်တမ်းကုန်ဆုံးပြီဖြစ်ပါ၍ အဆိုပါမြေနေရာအား ဦးသန်းထွန်း(၉/ပသက(နိုင်)၀၁၆၂၈၃)၊ ဒေါ်ခင်ဝင်းမြင့်(၉/ပသက(နိုင်)၀၁၆၃၈၉)တို့ (၂)ဦး အမည်ဖြင့် မြေငှားဂရန် သက်တမ်းတိုး ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၄၈/ရေကြည်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၈၅/၂/၇)၊ ဧရိယာ(၀ ဒသမ ၁၅)ဧကရှိ မြေနေရာအား ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် အမည်ဖြင့် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၂၉၉/၂၀၂၃-၂၀၂၄)၊ ဂရန်စာချုပ်အမှတ်(၇၃/၂၀၂၄-၂၀၂၅)အရ (၈-၅-၂၀၂၄)ရက်မှ (၂၄-၄-၂၀၄၆)ရက်အထိ နှစ်(၃၀)မြေငှားဂရန်အား (မူလသက်တမ်းအတိုင်း) ရရှိခဲ့ပြီး ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်၏ တာဝန်ခံလက်မှတ်ရေးထိုးသူ ဦးအောင်ကိုဇော်ထံမှ ဦးယဉ်ထွန်း၊ ဒေါ်မွန်ဇာဇာလတ်တို့ (၂)ဦးသည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဦးယဉ်ထွန်း(၁/မကန(ဧည့်)၀၀၀၅၆၁)၊ ဒေါ်မွန်ဇာဇာလတ်(၉/ခအဇ(နိုင်)၀၀၀၄၆၃)တို့ (၂)ဦး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## ကြော်ငြာစာ

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေကြည်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၅၄၈/ရေကြည်အရှေ့)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၇၄/၈)၊ ဧရိယာ(၀ ဒသမ ၁၁)ဧကရှိ မြေနေရာအား ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက် အမည်ဖြင့် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်ရုံးအမှုတွဲအမှတ်(၁၈၉/၂၀၂၃-၂၀၂၄)၊ ဂရန်စာချုပ်အမှတ်(၂၆၄/၂၀၂၃-၂၀၂၄)အရ (၆-၂-၂၀၂၄)ရက်မှ (၂၄-၄-၂၀၄၆)ရက်အထိ နှစ်(၃၀)မြေငှားဂရန်အား (မူလသက်တမ်းအတိုင်း) ရရှိခဲ့ပြီး ဖွံ့ဖြိုးသစ်ကုမ္ပဏီလီမိတက်၏ တာဝန်ခံလက်မှတ်ရေးထိုးသူ ဦးအောင်ကိုဇော်ထံမှ ဒေါ်နန္ဒာလင်းသည် ပုသိမ်ကြီးမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ တရားဝင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူရရှိခဲ့သည့် အဆိုပါမြေနေရာအား ဒေါ်နန္ဒာလင်း(၁၃/နခန(နိုင်)၀၉၂၀၉၉)အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း ခွင့်ပြုချထားပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောသက်သေအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မန္တလေးမြို့။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်နံပါတ်(၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးစန်းဖေ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်တင်တင်ဦး (ဘ)ဦးစိုးမြင့်(၉/မရတ(နိုင်)၀၀၂၄၂၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| ဒေါ်ယုသဇင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ ဦးပိုင်နံပါတ်(၆၀-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးမိုး(ခ)ဦးမိုးသူ အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဝင်းပပသွယ် (ဘ)ဦးအလေးဖ(၁၃/မတတ(နိုင်)၀၁၂၁၁၀) [၎င်း၏ကိုယ်စား ဒေါ်ဟန်နီခင် (ဘ)ဦးရှောင်ဝေခမ်း (၁၃/မတတ(နိုင်)၀၂၂၁၄၇)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

| | |
|---|---|
| ဦးတင်အောင်မိုး (LL.B, LL.M) | ဒေါ်အိအိမွန် (LL.B, LL.M) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| ဒေါ်ယုသဇင်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အမည်မှန်

အဘ ဦးဖြိုးသူရမောင်၏သမီး မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် အ.ထ.က (တွဲ) ဘ/ကဖောင်တော်ဦး (Grade-2) မှ **မယွန်းဖြိုးသစ္စာ** ၏ အမည်မှန်မှာ အိမ်ထောင်စု စာရင်းအရ **မသွန်းဖြိုးသစ္စာ** ဖြစ်ပါသည်။

**မသွန်းဖြိုးသစ္စာ**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၂)၊ ဦးပိုင်အမှတ်(၁၄-ခဲစင်း) မြေကွက်ပေါ်တွင် ဦးသန့်ဇင်ထွေး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မရမ(နိုင်)၀၀၄၃၂၅)က SS (၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဓ-၃၃)၊ ဦးပိုင်နံပါတ်(၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးတင်မောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ဝင်း(ဘ)ဦးချစ်စိန်(၉/မရတ(နိုင်)၁၀၃၈၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊၆၇လမ်း၊၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊မြို့သစ်(၁)ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ ဦးပိုင်နံပါတ်(၇၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးကံညွန့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်မေသဇင်(ဘ)ဦးမြင့်အောင်(၉/မဟမ(နိုင်)၀၅၆၄၁၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊၆၇လမ်း၊၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊မြို့သစ်(၁)ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်နံပါတ်(၇၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက၊ (ပေ၃၀×၄၅ပေ)အကျယ်အဝန်းရှိ ဒေါ်သောင်းသောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၁၅ပေ×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးဆွေ(ဘ)ဦးမောင်ဆွေ(၉/မရမ(နိုင်)၀၂၈၅၇၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊၆၇လမ်း၊၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊မြို့သစ်(၁)ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၃)၊ ဦးပိုင်နံပါတ်(၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်ကြင်မြိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဖြိုးသီဟကျော်(ဘ)ဦးတင်ဇော်မင်း(၅/ယမပ(နိုင်)၀၉၃၁၃၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ–**
**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစ်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန်(LL.B)** အထက်တန်းရှေ့နေ
**အမှတ်(D–၁၅၇)၊၆၇လမ်း၊၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊မြို့သစ်(၁)ရပ်ကွက်၊ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ သံလျက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ်(၄၀၆)၊ ဦးပိုင်အမှတ်(၈၂/၁-စ)၊ မြေကွက်ပေါ်တွင် ဒေါ်ကြင်(ခ)ဒေါ်မြင့်မြင့်ချို နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မနမ(နိုင်)၀၃၀၂၅၂)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင် အ·ထ·က(တွဲ)ဘ/က ဖောင်တော်ဦး (Grade-2) မှ မသွန်းဖြိုးသစ္စာ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်အရ ဦးဖြိုးသူရမောင်ဖြစ်ပါကြောင်း။

**ဦးဖြိုးသူရမောင်(၉/အမဇ(နိုင်)၀၁၃၆၇၅)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂)၊ ဦးပိုင်နံပါတ်(၂၀)ဟုခေါ်တွင်သော မြေဧရိယာ(၀.၀၃၁)ဧက၊(၃၀×၄၅)ပေ အကျယ်အဝန်းရှိ ဒေါ်မြင့်မြင့်ဌေး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်ခြမ်း(၁၅×၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နှင်းလှိုင်(ဘ)ဦးညွန့်ကြီး(၅/တဆန (နိုင်)၀၇၉၃၀၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်အေးစုထွန်း(LL.B, LL.M, DBL)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာမာဌေး(LL.B)** တရားလွှတ်တော်ရှေ့နေ
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၅)၊ဦးပိုင်နံပါတ်(၃၇-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀.၀၁၃၇)ဧက၊(၂၀×၃၀)ပေ အကျယ်အဝန်းရှိ ဦးသန်းထွန်းအမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အရှေ့ဘက်ခြမ်း (၁၀×၃၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးမိုး(ဘ)ဦးသန်းလှိုင်(၉/ခမစ(နိုင်)၀၆၅၆၉၉)[၎င်း၏ကိုယ်စား ဒေါ်သင်းသင်းလှိုင်(ဘ)ဦးသန်းလှိုင်(၉/ခမစ(နိုင်)၀၃၈၇၁၁)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်အေးစုထွန်း (LL.B, LL.M, DBL)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာမာဌေး (LL.B)** တရားလွှတ်တော်ရှေ့နေ
**၅၄လမ်း၊ ၁၁၂လမ်းနှင့် ၁၁၂(ဘီ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၀၂၆၀၆၀၄၁၊ ၀၉-၄၀၂၆၇၀၄၄၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ စည်သာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇/ပုသိမ်ကြီး)၊ ဦးပိုင်အမှတ်(စ/၂၂၂)၊ အကျယ် ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးမန်ဂလူး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်နွယ်ရွှေခိုင်(ဘ)ဦးမောင်မောင်(၉/စကန(နိုင်)၀၆၉၉၁၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်သူ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ-၂ ရပ်ကွက်၊ ကွင်းအမှတ်(၄၉၈/သစ်ချိုကုန်း)၊ ဦးပိုင်အမှတ်(၁၉၆/၁)၊ ဧရိယာ(၀ ဒသမ ၃၂)ဧက အကျယ်အဝန်းရှိ ဦးသန်းဝင်း အမည်ပေါက် ဂရန်မြေကွက်အနက်မှ အရှေ့အနောက် ပေ(၂၀)၊ တောင်မြောက် ပေ(၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်လှစိုး(ဘ)ဦးမြိုင်(၉/တသန(နိုင်)၀၉၆၉၂၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးမြင့်သူ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ




ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများ၊ ဝန်ကြီးများ၊ ပညာရှင်များ၊ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြား

ညင်ချီ ဇူလိုင် ၁၇

ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ ဒေသတွင်းနှင့် အခြားနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံဖွံ့ဖြိုးမှုကိုမြှင့်တင်ရန် ရည်ရွယ်၍ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်(The 5th China Xizang Trans- Himalaya Forum for International Cooperation) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ(ခ)လင်ကျစ်မြို့ရှိ Nyingchi Rui Crown Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်မိန့်ခွန်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ ☆

## (၇၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား MRTV မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၇

(၇၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ မိနစ် ၄၀ မှ စတင်ပြီး MRTV HD Channel၊ MRTV News Channel၊ MRTV Parliament Channel၊ MRTV NRC Channel၊ MITV၊ MWD HD၊ MWD Variety HD နှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သည့် Readers' Channel၊ Sky Net Up to Date Channel၊ Channel 9၊ Channel K၊ Hey Play Sports Channel၊ M Channel၊ UNI TV၊ Shwe Nadi Shwe Yi Entertainment Channel နှင့် Channel 24 တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ရွှေ FM၊ ပတ္တမြား FM၊ ပဉ္စဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ FM ပုဂံ၊ သဇင် FM၊ Star FM တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website၊ MRTV App နှင့် Online တို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း ယနေ့ ခြေစမ်းမည်



ရန်ကုန် ဇူလိုင် ၁၇

၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဗီယက်နမ်လက်ရွေးစင်အသင်းတို့သည် ဇူလိုင် ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းနှစ်သင်းစလုံးသည် ဇူလိုင် ၂၄ ရက်တွင် စတင်ကျင်းပမည့် ၂၀၂၆ အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားသည့် ခြေစမ်းပွဲလည်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဇူလိုင် ၁၅ ရက်တွင် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး

စာမျက်နှာ ၁၀ သို့ ❖

မြန်မာ့လက်ရွေးစင်အသင်း ဗီယက်နမ်နိုင်ငံ၌ လေ့ကျင့်နေစဉ်။

## အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ မဲခွဲမှုပုံစံ ထုတ်ပြန် မြန်မာအသင်း Pot 4 တွင် ကျရောက်

ရန်ကုန် ဇူလိုင် ၁၇

ဂျပန်နိုင်ငံ၊ အိုင်ချီ-နာဂိုယာတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ (20th Asian Games) အမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို လာမည့် ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ မြန်မာစံတော်ချိန် နံနက် ၁၀ နာရီခွဲ (ဂျပန်စံတော်ချိန် ၁၃:၀၀ နာရီ) တွင် ဟီလ်တန်နာဂိုယာ (Hilton Nagoya) ဟိုတယ်၌ ကျင်းပပြုလုပ်သွားမည် ဖြစ်သည်။

အဆိုပါမဲခွဲပွဲအတွက် အုပ်စုမဲခွဲပွဲကျင်းပမည့် စနစ်နှင့် အိုးခွဲထားမှု အခြေအနေများကို အာရှအိုလံပစ်ကောင်စီ (OCA) က တရားဝင်ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် Pot 4 တွင် ထိုင်း၊ ဟောင်ကောင်တို့နှင့်အတူ ကျရောက်လျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲတွင် အာရှဒေသတွင်းမှ အင်အားကြီးအသင်းများ အပါအဝင် စုစုပေါင်း အမျိုးသမီးလက်ရွေးစင်အသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အသင်းများ၏ စွမ်းဆောင်ရည်အဆင့်သတ်မှတ်ချက်များအပေါ် မူတည်၍ အိုး (Pot) လေးခု ခွဲခြားသတ်မှတ်ထားသည်။ မဲခွဲပွဲအတွက် အသင်းများ၏ အိုးခွဲထားမှု အဆင့်အတန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

Pot 1: ဂျပန် (အိမ်ရှင်)၊ တရုတ်၊ တောင်ကိုရီးယား၊ Pot 2: မြောက်ကိုရီးယား၊ ဖိလစ်ပိုင်၊ တရုတ်တိုင်ပေ၊ Pot 3: ဥဇဘက်ကစ္စတန်၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ Pot 4: မြန်မာ၊ ထိုင်း၊ ဟောင်ကောင်တို့ဖြစ်ကြသည်။

(NGB)




## မြန်မာ့ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၇

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ